# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်၊ ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီ ၉ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၃၂)


| နိုင်ငံရေးဦးတည်ချက် (၄) ရပ် | စီးပွားရေးဦးတည်ချက် (၄) ရပ် | လူမှုရေးဦးတည်ချက် (၄) ရပ် |
|---|---|---|
| * နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး | * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | * တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး |
| * အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး | * ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး | * အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး |
| * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး | * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး |
| * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | * နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

## တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏သမိုင်းသည် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ၏ စည်းလုံးညီညွတ်မှုအပေါ်တွင် အခြေခံခဲ့ပါသည်။ တိုင်းရင်းသား စည်းလုံးညီညွတ်သည့် အခါကာလများတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏အင်အားသည် တောင့်တင်းခိုင်မာ၍ ခမ်းနားထင်ရှားဂုဏ်မြင့်မားခဲ့ပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှု အားနည်းသည့်အခါကာလများတွင် ပြည်ထောင်စု၏ နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးနှင့် လူမှုရေး အခြေအနေအဆင့်အတန်းနိမ့်ကျခဲ့ရသည်ကို ထင်ထင်ရှားရှား ကြုံခဲ့ရပြီးဖြစ်ပါသည်။

ပင်လုံညီလာခံတွင် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုကို အခိုင်အမာဖော်ပြနိုင်ခဲ့၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် အချုပ်အခြာအာဏာပိုင်သည့် လွတ်လပ်သောနိုင်ငံအဖြစ် ရောက်ရှိခဲ့ပါသည်။ ရရှိထားသော အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်ပါသည်။

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေ**
(၅၂)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာမှ–

**ခေတ်သစ်စနစ်သစ် တည်ဆောက်ရာတွင် လူ့စွမ်းအားအရင်းအမြစ်သည် အဆုံးအဖြတ်ပေးသည့်နေရာ၌ရှိ ပညာတတ်အရင်းအမြစ်များ၊ အတွေးအခေါ်အယူအဆကောင်းသည့် လူ့အရင်းအမြစ်များ၊ အရင်းအနှီးနှင့် ပညာရှိသည့် လူ့အရင်းအမြစ်များ အရည်အချင်းမြင့်မားရန်လိုသကဲ့သို့ အရေအတွက်ပေါများနေရန်လိုအပ်**

# ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးနှင့် ဇီဝလောင်စာထုတ်လုပ်အသုံးပြုရေး ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်

**ရန်ကုန် ဖေဖော်ဝါရီ ၈**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

**တက်ရောက်**

အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသောပုဂ္ဂိုလ်များ၊ သင်တန်းတာဝန်ခံ၊ သင်တန်းကြီးကြပ်သူ အရာရှိများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ■

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်)

# ကျေးလက်ဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်နှင့်ပြည်သူ လက်တွဲကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားလူမျိုးအားလုံး၏အကျိုးကိုရှေးရှုပြီး ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပြည်သူတို့၏ လူမှုစီးပွားရေးဘဝ ပိုမိုတိုးတက် စည်ပင်စေရန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။

အထူးသဖြင့် နိုင်ငံတော်၏ လူဦးရေအများစုနေထိုင်ရာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရာတွင် တိုင်းရင်းသားပြည်သူတို့၏ ပူးပေါင်းပါဝင်ကြိုးပမ်းမှုကြောင့် ကျေးလက်နှင့်မြို့ပြ ကွာဟမှုကျဉ်းမြောင်းလာပြီး ကျေးရွာများ ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်။

ရှမ်းပြည်နယ် လင်းခေးခရိုင် မိုးနဲမြို့နယ်ရှိ နားခံစံပြကျေးရွာသည် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး အထူးတိုးတက်ကောင်းမွန်သည့် ကျေးရွာတစ်ရွာဖြစ်သည်။

နားခံစံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျောင်းခန်းမ၌ ကျင်းပခဲ့သည်။ အဆိုပါကျောင်းဆောင်သစ်မှာ အလျားပေ ၈၀၊ အနံပေ ၃၀ရှိတစ်ထပ်အဆောက်အအုံဖြစ်ပြီး ပညာရေးဌာနက ငွေကျပ် ၂၅ သိန်းနှင့် ပြည်သူလူထုထည့်ဝင်ငွေကျပ် ၂၈သိန်း စုစုပေါင်းငွေကျပ် ၅၃ သိန်း အကုန်အကျခံ ဆောက်လုပ်ခဲ့ကြောင်း သိရှိရသည်။

ယင်းကျေးရွာရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ စာအုပ်ပေါင်း ၇၂၅ အုပ်ရှိပြီး ကျေးရွာလူထု ဗဟုသုတ ရှာမှီးနိုင်ကြပြီဖြစ်သည်။

အဆိုပါကျေးရွာ၌ လယ်ယာသုံးစက်ကိရိယာ ၉၈စီးရှိပြီး စက်သုံးဆီ လိုအပ်လျက်ရှိသည့်အတွက် တောင်သူများအနေဖြင့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပြီး စက်သုံးဆီကို ကိုယ်တိုင်စိုက်၊ ကိုယ်တိုင်ထုတ်စနစ်ဖြင့် မြေလွတ်မြေရိုင်းများ ဖော်ထုတ်သွားမည်ဖြစ်ကြောင်း သိရသည်။ ယခုအခါ မိုးနဲမြို့နယ်၌ ခြံစည်းရိုးကြက်ဆူပင် ၄၇၃ ဧက စိုက်ပျိုးထားရှိပြီး လင်းခေးခရိုင်အတွင်း ခြံစည်းရိုးကြက်ဆူပင် ဧက ၁၀၆၅၀၀ကို သုံးနှစ်အတွင်း စိုက်ပျိုးသွားမည်ဖြစ်ကြောင်းနှင့် ယခုအခါ ၂၈၈၇ဒသမ၁၆ဧက စိုက်ပျိုးပြီးစီးကြောင်း သိရှိရသည်။

နားခံစံပြကျေးရွာသည် လူဦးရေ ၃၃၆၈ဦးရှိပြီး စပါးစိုက်ဧက၉၆၆ ဧကရှိသဖြင့် ဝမ်းစာဖူလုံကြောင်း တွေ့ရှိရသည်။ ဆီထွက်သီးနှံဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာနှင့် ပဲပုပ်၊ ပဲစင်းငုံ၊ ပြောင်း၊ ကြံစသည့် သီးနှံမျိုးစုံစိုက်ပျိုးထွက်ရှိသည်။ မိုးနဲမြို့နယ်သည် စပါးကိုအဓိက အားထားစိုက်ပျိုးကြသဖြင့် ဆန်ဖူလုံမှု ၁၆၃ ဒသမ ၁၀ ရာခိုင်နှုန်းရှိသည်။

ထို့အပြင် နားခံစံပြကျေးရွာ၌ မွေးမြူရေးလုပ်ငန်းအဖြစ် ကျွဲ၊ နွား၊ ဝက်၊ ကြက်တို့ကို တစ်ပိုင်တစ်နိုင်မွေးမြူကြသည်။ မိုးနဲမြို့မှ အဆိုပါ ကျေးရွာလမ်းတစ်လျှောက် ကျေးရွာပိုင် ထင်းစိုက်ခင်းများ စိုက်ပျိုးထိန်းသိမ်း ထားရှိသည်။

ယင်းကျေးရွာရှိ ကျူတောဆည်သည် လယ်မြေဧက၃၅၀ကို ရေပေးဝေလျက်ရှိသည်။ ကျေးရွာအတွင်း ဖြတ်သန်းစီးဆင်းနေသည့် ရေမြောင်းများမှ ရေအားလျှပ်စစ်တာဘိုင် ၁၈လုံး တည်ဆောက်ကာ နေအိမ်များ၌ လျှပ်စစ်မီးများ အသုံးပြုလျက်ရှိသည်။ မိုးနဲမြို့နယ် ကျိုင်းတောင်း ဒေသ၌ တည်ဆောက်လျက်ရှိသည့် ရေအားလျှပ်စစ်စက်ရုံပြီးစီးပါက နားခံ စံပြကျေးရွာအပါအဝင် လင်းခေးခရိုင်တစ်ခုလုံး လျှပ်စစ်ဓာတ်အား အပြည့်အဝ ရရှိတော့မည်ဖြစ်သည်။

နားခံစံပြကျေးရွာသည် တောင်ကြီး–လွိုင်လင်–နမ့်စန်–မိုးနဲ ပြည်ထောင်စုလမ်းမကြီးပေါ်၌ တည်ရှိပြီး ကျိုင်းတောင်းမြို့သို့သွားနိုင်သည့် လမ်းတံတားများကို ဖောက်လုပ်ပြီးဖြစ်ရာ ရာသီမရွေး သွားလာနိုင်ပြီဖြစ်သည်။ ထို့အတူ မိုးနဲ–နမ့်စန် နေ့စဉ်ပြေးဆွဲနေသည့် မီးရထားသည် နားခံစံပြကျေးရွာသို့ ရောက်ရှိသဖြင့် ကျေးရွာမှ ခရီးသွားပြည်သူများ စိတ်ချမ်းသာစွာ ခရီးသွားလာနိုင်ပြီဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကြောင့် ကျေးလက်ဒေသများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည့်အလျောက် ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက နိုင်ငံတော်နှင့် လက်တွဲကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

**၉–၂–၂၀၀၆**
**(ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၀ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅း၀၀ ၈။ မျိုးချစ်တပ်မတော်
၅း၃၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၅။ ကာတွန်းအစီအစဉ် **“ပါကျဲ”** (အပိုင်း–၁၀)
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ချစ်ထုံးရယ်မပြယ်”** (အပိုင်း–၁၂)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ မြဝတီရဲ့မြဝတီ
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“တရားစီရင်ထုံး”** (အပိုင်း–၉)

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းတို့ မန္တလေးတိုင်း စိန်ပန်းစက်မှုလက်မှုလုပ်ငန်း သမဝါယမအသင်းက ထုတ်လုပ်သော ကြက်ဆူဆီသုံး မီးဖိုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# ဆရာဆရာမများ သင်ကြားမှုစွမ်းရည်မြင့်မားရေး ခေတ်နှင့်အညီ အစဉ်တိုးတက်လေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၈

**သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၃ ရက်က မန္တလေးသမဝါယမကောလိပ်သို့ ရောက်ရှိလာရာ ကောလိပ်ကျောင်းအုပ်ကြီးက ကောလိပ်ကျောင်းဝင်းအတွင်း ခြံစည်းရိုးကြက်ဆူပင် အပင် ၆၀၀၀ စိုက်ပျိုးရန် ပျိုးထောင်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက မိုးရာသီတွင် ကျောင်းဝင်းအတွင်း ခြံစည်းရိုးများနှင့် မြေနေရာလွတ်များတွင် ရှင်သန်အောင် စနစ်တကျစိုက်ပျိုးရန် မှာကြားသည်။**

### မှာကြား

ထို့နောက် ကျောင်း အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီးက ကောလိပ်ကျောင်း၏ ပညာသင်ကြားမှု၊ လုပ်ငန်းဆောင်ရွက်မှုနှင့် လိုအပ်ချက်တို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး ဆရာ ဆရာမများအား သင်ကြားမှုစွမ်းရည်မြင့်မားရေးအတွက် ခေတ်နှင့်အညီ အစဉ်တိုးတက်လေ့လာရန်နှင့် ကျောင်းသားကျောင်းသူများကို စိတ်ကောင်းရှိ၍ စာကြိုးစားရန်၊ ပြင်ပဗဟုသုတ စာပေများ ဖတ်ရှုသည့် အကျင့်ရအောင် ပြုစုပျိုးထောင်ရန်၊ ပြည်ထောင်စုစိတ်ဓာတ်၊ နိုင်ငံနှင့်လူမျိုးကို ချစ်တတ်သည့်စိတ်ဓာတ် ထက်မြက်ရင့်ကျက်အောင် ပြုစုလေ့ကျင့်ပေးရန်တို့ကို မှာကြားသည်။

### ကြက်ဆူပင်ပျိုးထောင်

ယင်းနောက် ညနေပိုင်းတွင် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ဝန်ကြီးနှင့်မန္တလေးမြို့တော်ဝန်တို့သည် မန္တလေးတိုင်း အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုချုပ်၏ သမဝါယမ စိုက်ပျိုးရေး ခြံဝင်းအတွင်းကျင်းပသည့် ကြက်ဆူပင်မျိုးစေ့နှင့် မျိုးကိုင်းများ ပျိုးထောင်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ မန္တလေးတိုင်း သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ဖြူက မန္တလေးတိုင်းအတွင်း ဝန်ကြီးဌာန၏ အစီအမံအရ သမဝါယမအသင်းများမှ တစ်နှစ်လျှင် ကြက်ဆူပင် ဧက ၁၂၀၀၀ စိုက်ပျိုးရန် စီစဉ်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် မန္တလေးမြို့တော်ဝန်တို့သည် မန္တလေးတိုင်း သမဝါယမမိသားစုများနှင့်အတူ ပျိုးအိတ်အတွင်းသို့ ကြက်ဆူပင်မျိုးစေ့များကို စိုက်ပျိုးထည့်သွင်းပေးကြသည်။ ဆက်လက်ပြီး စိန်ပန်းစက်မှုလက်မှုလုပ်ငန်း သမဝါယမအသင်းလီမိတက်မှ ထုတ်လုပ်သည့် ကြက်ဆူဆီ ကြိတ်စက်၊ စိန်ပန်းစူပါဝမ်း၊ စူပါတူး၊ စူပါသရီး တို့ဖြင့် ကြက်ဆူဆီ ထုတ်လုပ်ကြိတ်ခွဲပြသမှု၊ ကြက်ဆူဆီဖြင့် စူပါမန္တလာဂျစ်ကား မောင်းနှင်ပြသမှုကို ကြည့်ရှု အားပေးသည်။

### ဂရုစိုက်ဆောင်ရွက်

ဝန်ကြီးနှင့်တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၄ ရက်တွင် ပြင်ဦးလွင်ရှိ သမဝါယမအသင်း နို့ဆီချက်စက်ရုံသို့ရောက်ရှိသည်။ စက်ရုံတွင် တာဝန်ခံက နို့ဆီချက်စက်ရုံ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ထုတ်လုပ်မှုပမာဏကို တစ်ရက်လျှင် နွားနို့ ပိဿာချိန် ၂၀၀၀အထိ နို့ဆီချက်နိုင်ရေး တိုးမြှင့်နိုင်ရန်နှင့် အရည်အသွေးကို စံချိန်စံညွှန်း ပြည့်မီအောင် အမြဲတမ်း ဂရုစိုက်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး စက်ရုံအတွင်း နေရာလွတ်များ၌ ကြက်ဆူပင် စိုက်ပျိုးမှုကို မိုးရာသီတွင် ထပ်မံတိုးချဲ့စိုက်ပျိုးရန် မှာကြားသည်။ သမဝါယမအသင်း နို့ဆီချက်စက်ရုံသည် အသေးစားစက်ရုံ တစ်ခုဖြစ်ပြီး လက်ရှိတွင် တစ်ရက်လျှင် နွားနို့ပိဿာချိန် ၅၀၀မှ နို့ဆီဘူး ၆၀၀ကို ကျောက်တိုင်အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်လျက်ရှိပြီး စတော်ဘယ်ရီ၊ လိမ္မော်၊ နာနတ်ယိုများကိုလည်း တစ်နှစ်လျှင် ကီလိုဂရမ်၇၀၀၀၀ ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းစဉ်များကို ချမှတ်ထားပြီးဖြစ်သည့် ဦးတည်ချက်များနှင့်အညီ အကောင်အထည်ဖော်နိုင်ရေး ကျရာအခန်းကဏ္ဍမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

**■ ရှေ့ဖုံးမှ**

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာ၌ မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှု သင်တန်းပေးလာသည်မှာ ယခုဆိုလျှင် (၁၁)ကြိမ်အထိ ရှိပြီဖြစ်ကြောင်း၊ အသင်းကြီးကပေးနေသည့် သင်တန်းများသည် မျိုးဆက်သစ်လူငယ်များအား အမိနိုင်ငံတော်ကြီးနှင့် အသင်းကြီးအတွက် အားကိုးအားထားပြုနိုင်သည့် နိုင်ငံသားကောင်းများဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးနေခြင်းဖြစ်ကြောင်း တွေ့ရှိရမှာဖြစ်ကြောင်း။

## ထူးချွန်အားပြည့်

သင်တန်းများ၊ ဆွေးနွေးပွဲများပြုလုပ်ပြီး အသင်းဝင်များအား ယခုကဲ့သို့ လေ့ကျင့်ပျိုးထောင်ပေးနိုင်မှုကြောင့် အသင်းဝင်များ၏ အရည်အသွေးနှင့် အရည်အချင်းသည် အစဉ်အမြဲ တိုးတက်မြင့်မားသည်ထက် မြင့်မားနေမှာဖြစ်ကြောင်း၊ လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ထက်မြက်မှု၊ ဗဟုသုတကြွယ်ဝမှုစသည့် ပညာအရည်အသွေးပိုင်းရော၊ အကြောင်းနှင့်အကျိုး ဆင်ခြင်သုံးသပ်မှုနှင့်အတူ စုစည်းခိုင်မာစွာရရှိအပ်သည့် ယုံကြည်ချက်၊ ခံယူချက်ဟုခေါ်သည့် စိတ်ပိုင်းဆိုင်ရာ မှန်ကန်ထက်မြက်မှုအပိုင်းပါ ထူးချွန်အားပြည့်လာစေမှာဖြစ်ကြောင်း။

ဘာသာရပ်နယ်ပယ်အလိုက် တီထွင်ကြံဆမှုများ၊ ကျွမ်းကျင်ထက်မြက်မှုများနှင့် ဗဟုသုတကြွယ်ဝမှုများကို လူ့လောက အကျိုးစီးပွားအတွက် မှန်မှန်ကန်ကန်၊ ထိထိရောက်ရောက်၊ ဦးတည်ချက်ရှိရှိအသုံးပြုနိုင်ရေးသည် လူတို့၏ ယုံကြည်ချက်၊ ခံယူချက်အပေါ်တွင် တည်မှီလျက်ရှိကြောင်း၊ ယုံကြည်ချက်၊ ခံယူချက်လွဲမှားလျှင် လွဲမှားသလို လူ့လောကအတွက် ဆိုးကျိုးများပေါ်လာနိုင်မှာဖြစ်ကြောင်း၊ ကျွမ်းကျင်ထက်မြက်မှုနှင့် ယုံကြည်ချက်၊ အချက်အလက်အသိနှင့် ဆင်ခြင်သိတို့ကို မှန်မှန်ကန်ကန်ပေါင်းစပ်နိုင်ရန် လိုအပ်ကြောင်း။

ထို့ကြောင့် အသင်းကြီး၏ သင်တန်းများတွင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေးလက္ခဏာနှင့် ဂုဏ်အင်္ဂါများအပြင် ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှု၏ တန်ဖိုး၊ စည်းလုံးညီညွတ်မှု၏ တန်ဖိုး၊ ပြည်ထောင်စုကြီး၏တန်ဖိုးတို့ကို အလျဉ်းသင့်သလို ထည့်သွင်းပို့ချ ဆွေးနွေးနေခြင်းဖြစ်ကြောင်း။

## သမိုင်းပေးတာဝန်

**တိုင်းနှင့် ပြည်နယ် ၁၄ ခုဖြင့် ပေါင်းစည်းဖြစ်တည်နေသည့် ယနေ့ပြည်ထောင်စုကြီးသည် ရှေးနှစ်ပေါင်း ထောင်ချီသည့် သမိုင်းစဉ်တစ်လျှောက် ရေကြည်ရာမြက်နုရာပြောင်းရွှေ့ကာ ခင်ရာမင်ရာ ရောနှောနေထိုင်ကြရင်း ရင့်သန်ခိုင်မာစွာဖြစ်တည်ခဲ့ခြင်းဖြစ်ကြောင်း၊ အစုအဖွဲ့အလိုက် သီးသီးသန့်သန့်နေထိုင်ကြခြင်းမဟုတ်ဘဲ နယ်မြေဒေသအသီးသီး၌ မျိုးနွယ်စုစုံစွာ ဒွေးရောယှက်တင် ပေါင်းစည်းရင်း ချစ်ကြည်ရင်းနှီးစွာ အပြန်အလှန်ဖေးမကူညီရိုင်းပင်းလျက် ညီညွတ်မျှတစွာ ပေါင်းစည်းနေထိုင်ခဲ့ကြသည့် မြတ်နိုးဖွယ်အစဉ်အလာလည်းဖြစ်ကြောင်း၊ ဤအစဉ်အလာကောင်း၊ ဓလေ့စရိုက်ကောင်း၊ အမွေခံကောင်းများကို နောင်အနာဂတ် သားစဉ်မြေးဆက်တိုင် ထိန်းသိမ်းအမွေပေးကြရေးသည် မျက်မှောက်ခေတ် နိုင်ငံသားတို့၏ သမိုင်းပေးတာဝန်လည်း ဖြစ်ကြောင်း။**

မိမိနိုင်ငံ၏ ရှည်လျားလှသည့် သမိုင်းနောက်ကြောင်းအခြေအနေနှင့် အစဉ်အလာကောင်းများကို ကိုလိုနီကျွန်ပြုခံရမှုနှင့် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်း၊ လွတ်လပ်ရေးရပြီးနောက်ပိုင်း ပြည်ပစွက်ဖက်မှုနှင့် ပြည်တွင်းနိုင်ငံရေးအခြေအနေများကို မှန်မှန်ကန်ကန် နားလည်သိရှိရန်လိုသကဲ့သို့ မိမိနိုင်ငံ၏ နိုင်ငံရေးပထဝီအနေအထား၊ သဘာဝရေမြေသယံဇာတပိုင်ဆိုင်မှုတို့ကိုလည်း တန်ဖိုးရှိရှိ သိရှိအကဲဖြတ်နိုင်ရမှာဖြစ်ကြောင်း။

## ပိုမိုနားလည်လာ

သို့မှလည်း ယနေ့နိုင်ငံတော်က ချမှတ်ထားသည့် ဒို့တာဝန်အရေးသုံးပါး၊ ဦးတည်ချက်(၁၂)ရပ်၊ ပြည်သူ့သဘောထား(၄)ရပ် စသည့် အမျိုးသားရေးမူဝါဒ အပေါင်းအစု၏အဓိပ္ပာယ်ကို အဆက်အစပ်ရှိရှိ နားလည်ခံယူနိုင်စွမ်းရှိမှာဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံတော်၏ လွတ်လပ်ပြီး တက်ကြွသည့် နိုင်ငံခြားရေးမူဝါဒ၏ အနှစ်သာရများကိုလည်း ပိုမိုနားလည်လာနိုင်မှာဖြစ်ကြောင်း။

ဤသည်တို့ကို ခြုံငုံနားလည်မှလည်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်တစ်ရပ်ဖြစ်ပေါ်ရေးဆိုသည့် အမျိုးသားရေးရည်မှန်းချက်ကို အောင်မြင်အောင် တက်တက်ကြွကြွ ထက်ထက်သန်သန် ဝိုင်းဝန်းပံ့ပိုးနိုင်မှာဖြစ်ကြောင်း။

အသင်းကြီး၏ အသင်းဝင်များသည် အမျိုးသားရည်မှန်းချက်ပန်းတိုင်ကို ဝိုင်းဝန်းပံ့ပိုးတည်ဆောက်ရာတွင် ရှေ့ဆောင်ရှေ့ရွက်ပြုနိုင်သည့် နိုင်ငံ့သားကောင်းများဖြစ်နေရမှာဖြစ်ကြောင်း၊ နိုင်ငံတော်နှင့်ပြည်သူအကြား ပေါင်းကူးဆက်စပ်ပေးနိုင်သည့် စည်းရုံးရေးမှူးကောင်းများဖြစ်ရမည်။ အဖျက်အန္တရာယ်ကို တွန်းလှန်ဖယ်ရှားနိုင်သည့် သူရဲကောင်းများဖြစ်ရမည်။ ပြည်သူများနှင့် တစ်သားတည်း နေထိုင်ကျင့်ကြံနေသည့် ပြည်သူ့သားသမီးကောင်းများ ဖြစ်ရမည်ဖြစ်ကြောင်း။

## အလေးအနက်ထား

ယနေ့ဖွင့်လှစ်သည့် သင်တန်းသည် အသင်းကြီး၏ ဤမျှော်မှန်းချက်များကို ဖော်ဆောင်ပေးနိုင်မည့် သင်တန်းတစ်ခုအဖြစ် အလေးအနက်ခံယူပြီး လေ့လာမှတ်သားနာယူစေလိုကြောင်း၊ မောင်တို့မယ်တို့သည် တိုင်းပြည်၏ အနာဂတ်ကို ထူထောင်စောင့်ရှောက်သွားကြမည့် ပုဂ္ဂိုလ်များဖြစ်သည့်အတွက် အရာရာကို မြော်မြင်တွက်ဆ အလေးအနက်ထားစေချင်ကြောင်း။

ယနေ့ခေတ်သစ် စနစ်သစ်ကို တည်ဆောက်နေသည့်နေရာတွင် လူ့စွမ်းအားအရင်းအမြစ်သည် အဆုံးအဖြတ်ပေးသည့်နေရာ၌ ရှိနေကြောင်း၊ အသိပညာရှင်၊ အတတ်ပညာရှင်ဆိုသည့် ပညာတတ်အရင်းအမြစ်များ၊ အမှန်နှင့် အမှား၊ အကောင်းနှင့် အဆိုးကို ခွဲခြားနိုင်သည့် အတွေးအခေါ်အယူအဆကောင်းသည့် လူ့အရင်းအမြစ်များ၊ အရင်းအနှီးနှင့် အတတ်ပညာရှိသည့် လူ့အရင်းအမြစ်များ၊ တည်ငြိမ်မှုနှင့် အေးချမ်းမှုကိုမြတ်နိုးသည့် နိုင်ငံသားများသည် အရည်အချင်းအရ မြင့်မားနေရန်လိုသလို အရေအတွက်အရပါ ပေါများနေရန် လိုအပ်လျက်ရှိကြောင်း။

စာမျက်နှာ ၆ ကော်လံ ၁

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှုသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)

**❐ တိုင်းနှင့် ပြည်နယ် ၁၄ ခုဖြင့် ပေါင်းစည်းဖြစ်တည်နေသည့် ယနေ့ပြည်ထောင်စုကြီးသည် ရှေးနှစ်ပေါင်း ထောင်ချီသည့် သမိုင်းစဉ်တစ်လျှောက် ရေကြည်ရာမြက်နုရာပြောင်းရွှေ့ကာ ခင်ရာမင်ရာ ရောနှောနေထိုင်ကြရင်း ရင့်သန်ခိုင်မာစွာဖြစ်တည်ခဲ့ခြင်းဖြစ်ကြောင်း။ အစုအဖွဲ့အလိုက် သီးသီးသန့်သန့်နေထိုင်ကြခြင်းမဟုတ်ဘဲ နယ်မြေဒေသအသီးသီး၌ မျိုးနွယ်စုစုံစွာ ဒွေးရောယှက်တင်ပေါင်းစည်းရင်း ချစ်ကြည်ရင်းနှီးစွာ အပြန်အလှန် ဖေးမကူညီရိုင်းပင်းလျက် ညီညွတ်မျှတစွာ ပေါင်းစည်းနေထိုင်ခဲ့ကြသည့် မြတ်နိုးဖွယ်အစဉ်အလာလည်းဖြစ်ကြောင်း။ ဤအစဉ်အလာကောင်း၊ ဓလေ့စရိုက်ကောင်း၊ အမွေခံကောင်းများကို နောင်အနာဂတ် သားစဉ်မြေးဆက်တိုင် ထိန်းသိမ်း အမွေပေးကြရေးသည် မျက်မှောက်ခေတ် နိုင်ငံသားတို့၏ သမိုင်းပေးတာဝန်လည်း ဖြစ်။**

# တရုတ်၏ဆေးဘက်ဆိုင်ရာ ထုတ်ကုန်ပစ္စည်းများ ပြည်ပတင်ပို့မှုတိုးတက် ၂၀၀၅ ခုနှစ်တွင် ဒေါ်လာ ၁၃ ဘီလီယံကျော်ရရှိခဲ့ဟုဆို

ပေကျင်း ဖေဖော်ဝါရီ ၈

**တရုတ်နိုင်ငံသည် လွန်ခဲ့သည့် ၂၀၀၅ ခုနှစ်က ပြည်ပသို့ ဆေးဘက်ဆိုင်ရာ ထုတ်ကုန်ပစ္စည်းများတင်ပို့မှုသည် မကြာမီနှစ်များကထက် ၂၈ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်ပြီး အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၈ ဘီလီယံ ပမာဏအထိ ရရှိခဲ့ကြောင်း တရုတ်နိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာနမှ ဖေဖော်ဝါရီ ၆ ရက်က သတင်းထုတ်ပြန်သည်။**

ထို့အတူ တရုတ်နိုင်ငံအတွင်းသို့ ဆေးဘက်ဆိုင်ရာ ထုတ်ကုန်ပစ္စည်းများ တင်သွင်းမှုသည်လည်း ၁၈ ဒသမ ၅ ရာခိုင်နှုန်းတိုးမြင့်ကာ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၈၄ ဘီလီယံ ရရှိခဲ့သည်ဟု ဖော်ပြသည်။

**တင်ပို့**

ထိုသို့ တင်ပို့ရာတွင် အနောက်နိုင်ငံများသို့ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၉၇ ဘီလီယံဖိုးတင်ပို့ပေးခဲ့ကြောင်း၊ တစ်နှစ်လုံးဆေးဘက်ဆိုင်ရာ ထုတ်ကုန်ပစ္စည်းများ တင်ပို့မှု၏ ၉၄ ရာခိုင်နှုန်းရှိကြောင်း တရုတ်နိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။

ထို့အတူ ဇီဝဓာတုဆိုင်ရာ ဆေးဝါးများ ပြည်ပတင်ပို့မှုသည်လည်း ၅၀ ဒသမ ၈ ရာခိုင်နှုန်းအထိ ခုန်တက်ကာ အမေရိကန်ဒေါ်လာ သန်း ၄၈၀ အထိရရှိခဲ့သည်ဟု သိရသည်။

**ဖော်ပြ**

တရုတ်နိုင်ငံ အနေဖြင့် လွန်ခဲ့သည့် ၂၀၀၅ ခုနှစ်က တရုတ်ဆေးဝါးများပြည်ပတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၈၃၀ ရရှိခဲ့ရာ နှစ်အလိုက် တိုးတက်မှုနှုန်းမှာ ၃၁ ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ကြောင်း စာရင်းဇယားများ၌ ဖော်ပြသည်။

**အမ်အင်အေ၊ဆင်ဟွာ**

**တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့အနောက်ပိုင်း ဆိပ်ကမ်း၌ ပြည်ပသို့ တင်ပို့မည့် မော်တော်ယာဉ်များကို ဖေဖော်ဝါရီ ၇ ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

# ကမ္ဘာ့ဆေးရွက်ကြီး ထိန်းချုပ်ရေးဆိုင်ရာအစည်းအဝေးဖွင့်လှစ် နိုင်ငံပေါင်း ၁၁၀ကျော်မှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေး

ဂျီနီဗာ ဖေဖော်ဝါရီ ၈

**ကမ္ဘာတစ်ဝန်း ဆေးရွက်ကြီးထိန်းချုပ်ရေးဆိုင်ရာ အစည်းအဝေးတစ်ရပ်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဂျီနီဗာ၌ ဖေဖော်ဝါရီ ၆ ရက်က ဖွင့်လှစ်လိုက်သည်။**

ကမ္ဘာတစ်ဝန်း ဆေးရွက်ကြီး သုံးစွဲမှုနှင့် ဆေးရွက်ကြီးကြောင့် သေဆုံးရမှုများ လျှော့ချရန် ရည်ရွယ်လျက် ဒဗလျူအိပ်ချ်အိုအဖွဲ့ဝင် ၁၆၈ နိုင်ငံက ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်တွင် ဆေးရွက်ကြီးထိန်းချုပ်ရေးမူ ဘောင်ကွန်ဗင်းရှင်း တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

**တက်ရောက်**

ယခုအစည်းအဝေးသို့ နိုင်ငံပေါင်း ၁၁၀ကျော်မှ ကိုယ်စားလှယ်များ တက်ရောက် ဆွေးနွေးခဲ့ကြကြောင်း၊ ဆေးရွက်ကြီးထိန်းချုပ်ရေးဆိုင်ရာ မူဘောင်ကွန်ဗင်းရှင်း (အက်ဖ်စီတီစီ)အဖွဲ့၏ ပထမအကြိမ် အစည်းအဝေးဖြစ်ကြောင်း၊ ယင်းအစည်းအဝေးကို နှစ်ပတ်ကြာ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဆုံးဖြတ်**

တက်ရောက်လာကြသည့် ကိုယ်စားလှယ်များသည် (အက်ဖ်စီတီစီ) အကောင်အထည်ဖော်ရန် နည်းပညာ၊ လုပ်ထုံးလုပ်နည်းနှင့် ဘဏ္ဍာရေးကိစ္စများကို ဆွေးနွေး ဆုံးဖြတ်ကြမည် ဖြစ်ကြောင်း သိရသည်။

**ပိတ်ပင်**

အိုင်ယာလန်၊ နော်ဝေနှင့် စပိန်တို့သည် မကြာသေးမီက လူအများစု နေထိုင်ရာ နေရာများ၌ ဆေးလိပ်သောက်ခြင်းကို စံနမူနာအဖြစ် ပိတ်ပင်ခဲ့သည်။

ထို့အပြင် အိန္ဒိယ၌ ဆေးလိပ်ကြော်ငြာခြင်းကို ပိတ်ပင်ခဲ့ကြောင်း၊ ဘရာဇီး၊ ထိုင်း၊ ကနေဒါနှင့် စင်ကာပူနိုင်ငံတို့သည် စီးကရက်ဘူးများပေါ်တွင် သတိပေးမှုများ ရေးသားပုံနှိပ်ဖော်ပြထားကြောင်း သိရသည်။

အဆိုပါ ကွန်ဗင်းရှင်းကို အကောင်အထည် ဖော်နိုင်ခဲ့မှုကြောင့် ၂၀၅၀တွင် လူအသက်ပေါင်း သန်း ၂၀၀ကို ဆေးလိပ်နှင့် ဆေးရွက်ကြီးကြောင့် သေဆုံးခြင်းမှ ကာကွယ်ပေးနိုင်မည်ဟု ဒဗလျူအိပ်ချ်အိုမှ တာဝန်ရှိသူများက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# တရုတ်နိုင်ငံဝူဟန်လေဆိပ်၌ ဆီးနှင်းများထူထပ်စွာကျဆင်း လေယာဉ်ခရီးစဉ်များ ယာယီရပ်ဆိုင်းခဲ့ရ

**ဝူဟန် ဖေဖော်ဝါရီ ၈**

တရုတ်နိုင်ငံအလယ်ပိုင်း ဟူဘေးပြည်နယ်မြို့တော်ဝူဟန်လေဆိပ်တွင် ဖေဖော်ဝါရီ ၅ရက်က ဆီးနှင်းများထူထပ်သိပ်သည်းစွာ ကျဆင်းခဲ့သဖြင့် ခရီးသည်များက လေးနာရီကြာမျှ ဆီးနှင်းများကို ဖယ်ရှားအကူအညီပေးခဲ့ရသည်ဟု ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြထားသည်။

ဝူဟန်မြို့၌ ဖေဖော်ဝါရီ ၄ရက်မှ စ၍ ဆီးနှင်းများ အဆက်မပြတ်ကျဆင်းခဲ့ရာတနင်္ဂနွေနေ့နံနက်ပိုင်းအချိန်အထိ ဖြစ်ကြောင်း၊ ဒေသအပူချိန်မှာလည်း ၁ ဒီဂရီမှ ၀ ဒီဂရီဆဲလ်စီးယပ်စ်အထိ ကျဆင်းခဲ့ကြောင်း ဖော်ပြထားသည်။

ဝူဟန်တီအင်ဟီလေဆိပ်၌ ဆီးနှင်းများအဆက်မပြတ်ကျဆင်းမှုကြောင့် ဖေဖော်ဝါရီ ၅ ရက်တနင်္ဂနွေနေ့ နံနက် ၁၁ နာရီ မိနစ် ၃၀အထိ လေယာဉ်ခရီးစဉ်များအားလုံး ဆိုင်းငံ့ထားခဲ့ရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အိန္ဒိယ၌ ဘတ်စ်ကားမီးလောင် လူ၁၅ဦးသေဆုံး၊ ၂၅ ဦးဒဏ်ရာရရှိ

**နယူးဒေလီ ဖေဖော်ဝါရီ ၈**

အိန္ဒိယနိုင်ငံ အလယ်ပိုင်း မာဒယာပါရာဒေ့ရှ်တွင် ဖေဖော်ဝါရီ ၆ ရက်က ဘတ်စ်ကားတစ်စီး မီးလောင်ခဲ့သဖြင့် လူ ၁၅ ဦး သေဆုံးပြီး ၂၅ဦး ဒဏ်ရာရရှိခဲ့ကြောင်း အင်ဒို-အာဆီယံ သတင်းဌာနက ဖော်ပြသည်။

ဖြစ်ပွားပုံမှာ ခရီးသည်တစ်ဦးသည် ချက်ပြုတ်သည့် ဓာတ်ငွေ့မီးဖိုတစ်ခုနှင့် မီးလောင်လွယ်သည့် ဓာတုဗေဒဆိုင်ရာ ဘူးတစ်ဘူးကို လူအုပ်ထဲတွင် ယူဆောင်လာစဉ် စီးကရက်မီးမှတစ်ဆင့် ဘူးပေါက်ကွဲခဲ့ပြီး မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း ဒေသခံ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

ဘတ်စ်ကားပေါ်၌ ခရီးသည် ၄၀ ပါရှိပြီး ၁၅ ဦးမှာ ချက်ချင်း သေဆုံးသွားပြီး ၂၅ ဦးမှာလည်း မီးစွဲလောင်ခဲ့ကြကြောင်း ၎င်းက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အာဖဂန်နစ္စတန်၌ တိုက်ခိုက်ခံရမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

**ကဘူးလ် ဖေဖော်ဝါရီ ၈**

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း လက်မင်ပြည်နယ်တွင် ဖေဖော်ဝါရီ ၆ ရက် တနင်္လာနေ့က တာလီဘန်လက်နက်ကိုင်များ တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့ရကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း မီသာလမ်မြို့ အနောက်မြောက်ပိုင်း၌ အမေရိကန်ကင်းလှည့်စစ်ယဉ်တစ်စီး တိုက်ခိုက်ခံရမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရသည်ဟု အမေရိကန်စစ်ဘက်က သတင်းဖော်ပြသည်။

ထို့အပြင် အာဖဂန်နစ္စတန်တောင်ပိုင်းတွင်လည်း တိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားရာအာဖဂန်နစ္စတန်ရဲတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိခဲ့သည်။ ၎င်းဖြစ်ရပ်မှာ နယ်စပ်ထိန်းသိမ်းရေးစခန်းတစ်ခုအနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# တန်ဇန်းနီးယား၌ မိုးသည်းထန်ပြီး ရေလွှမ်း လူ ၉၀၀ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြရ

ဒါမက်စလမ် ဖေဖော်ဝါရီ ၈

**တန်ဇန်းနီးယားနိုင်ငံအနောက်ပိုင်းတွင် ၁၄ရက်ကြာ မိုးအဆက်မပြတ် ရွာသွန်းပြီးနောက် ရေလွှမ်းမိုးသဖြင့် လူနေအိမ်များ ပြိုကျပျက်စီးသွားသောကြောင့် ရေဘေးဒုက္ခသည် ၉၃၈ ဦးတို့ကို ရေလွှမ်းရာနေရာတွင် ဒေသဆိုင်ရာအာဏာပိုင်များက ပြန်လည် နေရာချထားပေးလိုက်ရသည်။**

ဒါမက်စလမ်သို့ စနေနေ့က ရောက်ရှိလာသော သတင်းအရ မိုးသည်းထန်စွာရွာစဉ် နေအိမ်နံရံများ ပြိုကျသဖြင့် လူတစ်ဦးသေဆုံးသည်။

တန်ဇန်းနီးယားနိုင်ငံ အနောက်ဘက်စွန်းရှိ တိုဘိုရာဒေသ၊ အိုင်လန်ဂါခရိုင်တွင် လူနေအိမ် ၂၃၄ လုံး ပြိုကျပျက်စီးသည်။

ရေလွှမ်းမိုးသဖြင့် ကျေးရွာသုံးရွာ ဆိုးဆိုးရွားရွားရေဘေးသင့်ကုန်သည်။ လိုကိုမီယိုကျေးရွာ တစ်ရွာတည်းတွင်ပင် လူ ၂၂၇ ဦး နေအိမ်ပျက်စီးဆုံးရှုံး ကြရသည်။

ဒေသဆိုင်ရာ အာဏာပိုင်များ အနေဖြင့် ရေဘေးဒုက္ခသည်များကို ပြန်လည် နေရာချပေးသည့်အပြင် ယခုအထိ စားနပ်ရိက္ခာတစ်တန် ဖြန့်ဝေပေးထားရသည် ဆို၏။

**အမ်အင်အေ၊ဆင်ဟွာ**

**အီရတ်နိုင်ငံ အနောက်ပိုင်း ဟတ်မြို့၌ ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဖေဖော်ဝါရီ ၇ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# ဘာကူဘာမြို့၌ တိုက်ခိုက်ခံရမှုနှင့် ဗုံးကွဲမှုများဖြစ်ပွား အီရတ်ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံး၊ လေးဦးဒဏ်ရာရရှိ

**ဘဂ္ဂဒက် ဖေဖော်ဝါရီ ၈**

ဘဂ္ဂဒက်မြို့အရှေ့မြောက်ဘက်တွင် ဖေဖော်ဝါရီ ၆ရက် တနင်္လာနေ့က သေနတ်သမားများတိုက်ခိုက်မှုကြောင့် အီရတ်ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးသွားကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘဂ္ဂဒက်မြို့အရှေ့မြောက်ဘက်ရှိ ဘာကူဘာမြို့ အယ်ဂယ်ဘီယာအရပ်တွင် သေနတ်သမားများပစ်ခတ်မှုကြောင့် အဆိုပါရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရသည်ဟု ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြသည်။

ထို့အပြင် ဘာကူဘာမြို့အနီး အယ်ဟာဒစ်အရပ်တွင် အီရတ်ကင်းလှည့်တပ်ဖွဲ့တစ်ဖွဲ့ စီးနင်းလိုက်ပါလာသော မော်တော်ယာဉ်တစ်စီး လမ်းဘေးဗုံးပေါက်ကွဲထိမှန်မှုဖြစ်ပွားရာ ရဲတပ်ဖွဲ့ဝင်လေးဦးဒဏ်ရာရရှိခဲ့ပြီး မော်တော်ယာဉ်လည်း ပျက်စီးခဲ့ရသည်။

နောက်ထပ်ဖြစ်ရပ်တစ်ခုမှာ ဘာကူဘာမြို့လယ်အစ္စဘီလီယာခရိုင်တွင် ဗုံးတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားရာ အီရတ်ပြည်သူတစ်ဦး သေဆုံးပြီး အနီးရှိနေအိမ်အချို့ ပျက်စီးခဲ့ရကြောင်း အဆိုပါသတင်း၌ ဆက်လက်ဖော်ပြသည်။

**အမ်အင်အေ၊ဆင်ဟွာ**

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်ရှိ မော်တော်ဆိုင်ကယ်ထုတ်လုပ်ရေးစက်ရုံတစ်ရုံ၏ လုပ်ငန်းခွင်ကို ဖေဖော်ဝါရီ ၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

# အင်ဒိုနီးရှားနိုင်ငံ၌ အမြန်ရထားလမ်းဖောက်လုပ်ရန် တရုတ်၊ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့က ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားနေ

ဂျကာတာ ဖေဖော်ဝါရီ ၈

**အင်ဒိုနီးရှားအစိုးရသည် လူဦးရေထူထပ်သိပ်သည်းသော ဂျာဗားကျွန်း၌ အမြန်ရထားများ ပြေးဆွဲရေးအတွက် မီးရထားလမ်း စီမံကိန်းတစ်ရပ်ကို ဆောင်ရွက်ရန် စီစဉ်နေကြောင်း ဖေဖော်ဝါရီ ၆ ရက်ထုတ် ဘစ်နစ်အင်ဒိုနီးရှားနေ့စဉ်သတင်းစာ၌ ဖော်ပြသည်။**

အဆိုပါ မီးရထားလမ်းဖောက်လုပ်ရေးအတွက် တရုတ်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့မှ ရင်းနှီးမြှုပ်နှံသူများက တာဝန်ယူဖောက်လုပ်ရန် အင်ဒိုနီးရှားနိုင်ငံသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနသို့ အဆိုပြုတင်ပြထားကြောင်းဟု အင်ဒိုနီးရှားအစိုးရက ရှင်းလင်း ပြောကြားသည်ဟု ဘစ်နစ်အင်ဒိုနီးရှားနေ့စဉ်သတင်းစာ၌ ဆက်လက်ဖော်ပြထားသည်။

**ဆက်သွယ်**

ထိုအမြန်မီးရထားလမ်းသည် မြို့တော်ဂျကာတာ၊ အနောက်ဂျာဗားပြည်နယ် မြို့တော်ဘင်ဒေါင်းနှင့် အရှေ့ဂျာဗားပြည်နယ် မြို့တော်ဆူရာဘာယာမြို့များသို့ ဆက်သွယ်ပေးရန်ဖြစ်ကြောင်း သိရသည်။

**ဦးစားပေး**

ယခုကဲ့သို့ ဆောင်ရွက်ခြင်းသည် ၂၀၀၅–၂၀၀၆ ခုနှစ်အတွက် အင်ဒိုနီးရှားနိုင်ငံသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန၏ မီးရထားလမ်းများ ဖောက်လုပ်ရေးမဟာဗျူဟာ အစီအစဉ်တွင် ဂျာဗား၌ အမြန်မီးရထားလမ်းဖောက်လုပ်ရေးလည်း ဦးစားပေးအစီအစဉ် အဖြစ်ပါဝင်ခြင်းဖြစ်သည်ဟု အင်ဒိုနီးရှားနိုင်ငံသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန၏ မီးရထားလမ်းစနစ်များဆိုင်ရာ ညွှန်ကြားရေးမှူး အီကိုဆာပူထရိုက ပြောကြားသည်။

**သက်သာသွားမည်**

တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများက ဂျကာတာနှင့် ဘင်ဒေါင်းမြို့အကြား ကီလိုမီတာ ၁၅၀ အကွာအဝေးရှိသော အမြန်မီးရထားလမ်းဖောက်လုပ်ရန် အလွန် အမင်း စိတ်ဝင်စားလျက်ရှိကြောင်း အင်ဒိုနီးရှားနိုင်ငံသယ်ယူပို့ဆောင်ရေးဝန်ကြီး ဟက်တာရက်ဂျာဆာက ပြောကြားသည်။ အဆိုပါ အမြန်မီးရထားလမ်း ဖောက်လုပ်ပြီးစီးပါက ခရီးသွားလာမှုကြာချိန်တစ်နာရီခွဲခန့်သက်သာသွားမည်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

# တရုတ် နွေရာသီပွဲတော်ပြီးချိန် ရထားဝန်ကြီးဌာနက ရထားများစီစဉ်ပြေးဆွဲပေး

ပေကျင်း ဖေဖော်ဝါရီ ၈

**တရုတ်ရထားဝန်ကြီးဌာနသည် ရက်ရှည်နွေဦးပွဲတော်အားလပ်ရက်တွင် မိသားစုနှင့်အတူသွားလာကြပြီးနောက် လုပ်ငန်းခွင်သို့ ပြန်လာကြမည့် ခရီးသည် ၄ဒသမ၃၄သန်းအတွက် အထောက်အကူဖြစ်စေရန် ဖေဖော်ဝါရီ ၄ရက်မှစ၍ ယာယီရထား ၇၁၁စင်း စီစဉ်ခဲ့ကြောင်း ဝန်ကြီးဌာနကပြောကြားသည်။**

ခရီးသွားလာမှုသည် ဖေဖော်ဝါရီ ၄ရက်တွင် ကုန်ဆုံးသွားသော နွေဦးပွဲတော်အပြီး သုံးရက်ဆက်တိုက်အတွင်း လေးသန်း ပိုမိုများပြားခဲ့ကြောင်း ဝန်ကြီးဌာန၏ သတင်းများတွင် ဖော်ပြပါရှိသည်။

**စတင်ပြေးဆွဲ**

ခရီးသည် အရေအတွက်သည် ဖေဖော်ဝါရီ ၁၂ရက်တိုင်အောင်လေးသန်းထိ ဆက်လက်ရှိနေဦးမည်ဖြစ်ကြောင်း ဝန်ကြီးဌာနက ကြိုတင်ခန့်မှန်းထားသည်။ ဝန်ကြီးဌာနသည် ဖေဖော်ဝါရီ ၂ရက်နှင့် ၃ ရက်တွင် ယာယီရထား ၅၈၆စင်းနှင့် ၆၈၈စင်းကို စတင်ပြေးဆွဲစေခဲ့သည်။

ချန်ယန်ဟု လူသိများသော သို့မဟုတ် နွေဦးရာသီသယ်ယူပို့ဆောင်ရေး ဖြစ်သော ယခုနှစ်နွေရာသီခရီးသွားလာမှုသည် ဇန်နဝါရီ ၁၄ရက်က စတင်ခဲ့ခြင်း ဖြစ်သည်။

**ဖော်ပြ**

ဇန်နဝါရီ ၁၄ရက်မှ ဖေဖော်ဝါရီ ၂၂ရက်အထိ ခရီးသွားလာမှုအများဆုံးရာသီရက် ၄၀အတွင်း တစ်နေရာမှ တစ်နေရာ ပြောင်းရွှေ့လုပ်ကိုင်ကြသည့် အလုပ်သမားများ၊ကျောင်းသားများ၊ ကမ္ဘာလှည့်ခရီးသည်များသည် မိသားစု ပြန်လည်တွေ့ဆုံကြရေးနှင့် ခရီးသွားလာရေး လုပ်ငန်းရည်ရွယ်ချက်များဖြင့် ခရီးသွားလာခဲ့ကြမည်ဖြစ်ကြောင်း ဆင်ဟွာက ဖော်ပြသည်။

ရထားဖြင့်နေ့စဉ်ခရီးသွားလာသူ ပျမ်းမျှအရေအတွက်သည် ဇန်နဝါရီ နွေဦးပွဲတော်ရက်မတိုင်မီက ၃ဒသမ ၅၂၈သန်းရှိပြီး လွန်ခဲ့သည့်နှစ်ကထက် ၃၄၇၀၀၀ ပိုမိုများပြားခဲ့ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အိုင်အေအီးအေက အီရန်၏ နျူကလီးယားအစီအစဉ်အပေါ် ထိပ်တိုက်တွေ့မည်မဟုတ်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ပြောကြား

ပါရီ ဖေဖော်ဝါရီ ၈

**အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင် အေဂျင်စီ(အိုင်အေအီးအေ)သည် အီရန်နိုင်ငံ၏နျူကလီးယား အစီအစဉ်အပေါ် ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံမှုကို ပြုလုပ်မည် မဟုတ်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဖီလစ်ဒိုစတီဘလက်ဇီ က ဖေဖော်ဝါရီ ၆ ရက် တနင်္လာနေ့၌ ပြောကြားလိုက်သည်။**

အီရန်နိုင်ငံအနေဖြင့် နျူကလီးယားလက်နက်များ ထုတ်လုပ်သည့် သံသယရှိမှုအပေါ် ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့ အစီရင်ခံစာတင်ပြီးနောက် တစ်ရက်အကြာ ကုလသမဂ္ဂ၏ နျူကလီးယား စစ်ဆေးမှုများကို အီရန်က အဆုံးသတ်စေလိုက်သည်။

သို့သော်လည်း တီဟီရန်အနေဖြင့် အိုင်အေအီးအေနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ပြုလုပ်ရန် ပြင်သစ် နိုင်ငံခြားရေးဝန်ကြီး ဘလက်ဇီက တိုက်တွန်းပြောကြားသည်။

အိုင်အေအီးအေ၏ ရည်မှန်းချက်မှာဒဏ်ခတ်အရေးယူမှုမဟုတ်ကြောင်း ၎င်းလုပ်ရပ်မှာ နိုင်ငံရေးအရ ဖြေရှင်းသော နည်းလမ်းမဟုတ်ကြောင်း၊ ထို့အပြင် အခြား ထိပ်တိုက်ရင်ဆိုင်မှုများလည်းပြုလုပ်မည်မဟုတ်ကြောင်း၊ မိမိတို့အနေဖြင့် အကျပ်အတည်းကို ကျော်လွှားနိုင်ရန် နည်းလမ်းရှာကြံလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီသည် အီရန်နျူကလီးယား ပြဿနာကို ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့တင်ပြရန်အတွက် ဖေဖော်ဝါရီ ၄ ရက် စနေနေ့က မဲဆန္ဒပေးခဲ့ကြသည်။ အိုင်အေအီးအေက ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့တင်ပြထားသော အီရန် နျူကလီးယားကိစ္စကို မတ်လမတိုင်မီအထိ ကုလသမဂ္ဂလုံခြုံရေးကောင်စီက တစ်စုံတစ်ရာအရေးယူဆောင်ရွက်ခြင်း ပြုမည်မဟုတ်ကြောင်း သိရသည်။ **အမ်အင်အေ၊ရိုက်တာ**

# မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

## ပါရာဂွေးရဲတပ်ဖွဲ့ ဆေးခြောက် လေးတန်သိမ်းဆည်းရမိ

**ဘူနော့စ်အဲစ် ဖေဖော်ဝါရီ ၈**

ပါရာဂွေး ရဲတပ်ဖွဲ့သည် ဘရာဇီးလ်နှင့် နယ်စပ်ဒေသ စစ်ဆင်ရေးနှစ်ရပ်၌ ဆေးခြောက်လေးတန်ကို သိမ်းဆည်းရမိခဲ့ကြောင်း ပါရာဂွေးမှ ဖေဖော်ဝါရီ၆ရက်က ရရှိသော သတင်းများတွင် ဖော်ပြပါရှိသည်။

စစ်ဆင်မှုတစ်ခုမှာမြို့တော်အဆန်းရှင်း၏ အရှေ့မြောက်ဘက်ကီလိုမီတာ ၅၅၀ခန့်အကွာ ပီဒရိုဂျန်ကာဘယ်လီရို အနီး မွေးမြူရေးခြံတွင်ဖြစ်ပြီး ရဲတပ်ဖွဲ့က ဆေးခြောက်နှစ်တန်ကို သိမ်းဆည်းရမိပြီး ပါရာဂွေး နိုင်ငံသားနှစ်ဦးကို ဖမ်းဆီးလိုက်ကြောင်း ရဲတပ်ဖွဲ့၏ ပြောကြားချက်ကို ကိုးကား၍ ပါရာဂွေး မီဒီယာက ဖော်ပြသည်။

ဒုတိယစစ်ဆင်ရေးမှာ ဘရာဇီးလ်နှင့်နယ်စပ်ဖြစ်သော ပါရာနာမြစ်ရှိ ဂွာယီရာရေတံခွန်တွင်ဖြစ်ပြီး ရဲတပ်ဖွဲ့က ဆေးခြောက်နှစ်တန်ကို သိမ်းဆည်းရမိကာ လူလေးဦးကို ဖမ်းဆီးခဲ့ကြောင်း မီဒီယာက ဖော်ပြသည်။

အဆိုပါ ဆေးခြောက်များသည် ဘရာဇီးလ်ဈေးကွက်အတွက် ရည်ရွယ်ထားသည်ဟု သိရှိရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**အမ်အင်အေ၊ ဆင်ဟွာ**

# ရောမမြို့အနောက်မြောက်ဘက်၌ ကားလှိုဏ်ထဲထိုးကျ ခရီးသည်၁၂ဦးသေဆုံး

**ရောမ ဖေဖော်ဝါရီ ၈**

အီတလီနိုင်ငံ ရောမမြို့ အနောက်မြောက်ဘက်တွင် ဖေဖော်ဝါရီ ၆ရက်က ကမ္ဘာလှည့်ခရီးသည်များပါရှိသည့် ဘတ်စ်ကားတစ်စီး လှိုဏ်တစ်ခုထဲသို့ ထိုးကျသွားသဖြင့် လူ ၁၂ဦး သေဆုံးခဲ့ကြောင်း အင်ဆာသတင်းဌာနက ဖော်ပြသည်။

အဆိုပါ ဘတ်စ်ကား၌ ကမ္ဘာလှည့်ခရီးသည် ၃၁ဦးပါရှိပြီး ၎င်းတို့သည် မြို့တော်၏တောင်ကုန်းတစ်ခုဖြစ်သော မွန်တီမာရီယိုမှ ယင်းတို့၏ ဟိုတယ်များသို့ ပြန်လာစဉ် သန်းခေါင်မတိုင်မီအချိန်တွင် ယင်းသို့ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သတင်းဌာနက ဖော်ပြသည်။

ယင်းသို့ ဖြစ်ပွားရာ၌ လူကိုးဦး ဒဏ်ရာ ရရှိခဲ့ပြီး လေးဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း ကယ်ဆယ်ရေး အလုပ်သမားများက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

အီရတ်နိုင်ငံဘာဆရာမြို့၌ လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားသည့်နေရာ၌ အပေါင်းပါတပ်ဖွဲ့ဝင်များ စစ်ဆေးမှုပြုလုပ်နေသည်ကို ဖေဖော်ဝါရီ ၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

# ပါကစ္စတန်အနောက်တောင်ပိုင်းခရီးသည်ကား၌ ဗုံးပေါက်ကွဲ ၁၂ ဦးသေဆုံးပြီး၊ ၁၃ ဦးဒဏ်ရာရရှိခဲ့

**အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၈**

ပါကစ္စတန်နိုင်ငံအနောက်တောင်ပိုင်းရှိ ဘလူချီစတန်ပြည်နယ်တွင် ဖေဖော်ဝါရီ ၅ ရက်က ခရီးသည်တင် ဘတ်စ်ကားတစ်စီးပေါ်၌ ပြင်းအားကောင်းသည့် ဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ လူ ၁၂ ဦးထက်မနည်းသေဆုံးပြီး အခြား ၁၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အရာရှိများက ပြောကြားသည်။

အခြားသတင်းတစ်ရပ်တွင် လူ ၂၀ ဒဏ်ရာရရှိပြီး ၎င်းတို့အနက် ငါးဦးမှာ ဒဏ်ရာပြင်းထန်သည်ဟု ဆိုသည်။ အဆိုပါ ဘတ်စ်ကားသည် ပြည်နယ်မြို့တော်ကာတာမှ ပန်ဂျပ်ပြည်နယ်အနီးရှိ အရှေ့ပိုင်းနယ်စပ်မြို့ဖြစ်သော လာဟိုမြို့သို့ ဘိုလန်ပတ်စ်ဒေသတစ်လျှောက် မောင်းလာစဉ်ကားနောက်ပိုင်းမှ ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ကားထဲ၌ ချိန်ကိုက်ဗုံးထည့်ထားခြင်းဖြစ်ကြောင်း ဘလူချီစတန်ရဲတပ် ဖွဲ့အကြီးအကဲ ချူဒရီယာဂွတ်ကပြောကြားသည်။ ပေါက်ကွဲမှုအကြောင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဇာတ်လမ်းပမာ ထုတ်လွှင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၈

၂၀၀၆ခုနှစ် ဖေဖော်ဝါရီ၁၂ရက်တွင် ကျရောက်သော (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု ဇာတ်လမ်းပမာ အစီအစဉ်တွင် သပြေနု၏ ဝတ္ထုဇာတ်ညွှန်းကို မြန်မာ့အသံမှ စီစဉ်ထုတ်လွှင့်သည့် **"နှုတ်ခွန်းဆက်သည် ရောဝတီ"** ဇာတ်လမ်းကို ဖေဖော်ဝါရီ၁၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ၁၂နာရီခွဲနှင့် ဖေဖော်ဝါရီ ၁၄ရက် (အင်္ဂါနေ့) မွန်းလွဲ၁၂နာရီ မိနစ်၂၀တို့တွင် မြန်မာ့အသံ ရေဒီယိုအစီအစဉ်မှ ထုတ်လွှင့်သွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

*စာမျက်နှာ ၃ မှ*

ထို့ကြောင့် နိုင်ငံတော်သည် အမျိုးသားပညာရည်မြင့်မားရေးအစီအစဉ်များ၊ အမျိုးသားကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ရေးအစီအစဉ်များကို ဆက်တိုက်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အသင်းကြီး၏ စည်းရုံးရေးနှင့် လေ့ကျင့်ရေးအစီအစဉ်များသည်လည်း လူ့အရင်းအမြစ် ပြုစုပျိုးထောင်ရေး အစီအစဉ်များနှင့် တစ်ဆက်တစ်စပ်တည်းပင်ဖြစ်ကြောင်း။

## ပြုစုပျိုးထောင်

ထို့အတူ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေးစသည့် ကျေးလက်လူမှုစီးပွားရေးဘဝကို မြှင့်တင်သည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအစီအစဉ်သည်လည်း ကျေးလက်ဒေသရှိ မြားမြောင်လှသော လူ့အရင်းအမြစ်များကို အဘက်ဘက်မှ တိုးတက်လာအောင် ပြုစုပျိုးထောင်နေခြင်းပင်ဖြစ်ကြောင်း။

ဤနေရာတွင် ကျေးလက်ဒေသနှင့် ဆက်နွှယ်ပြီး လုပ်ကိုင်ဆောင်ရွက်နေသည့် ကြက်ဆူပင်စိုက်ပျိုးရေးကိစ္စကို ပြောလိုကြောင်း၊ နိုင်ငံတော်အကြီးအကဲက ကြက်ဆူပင်မှ ဇီဝလောင်စာထုတ်ယူပြီး လယ်ယာသုံးစက်ကိရိယာများ၊ မီးစက်များ၊ ရေစုပ်စက်များ၊ ထရော်လာဂျီများကို မောင်းနှင်နိုင်၊ အသုံးပြုနိုင်ပြီဖြစ်သည့်အတွက် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးကို ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းတစ်ခုအဖြစ် ခံယူပြီး စိုက်ပျိုးကြရန် မှာကြားလမ်းညွှန်ထားကြောင်း။

## ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်

အသင်းကြီးကလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဇောက်ချဆောင်ရွက်ပြီး ကျေးလက်နေပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်နေသည့်အတွက် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး၊ ဇီဝလောင်စာ ထုတ်လုပ်အသုံးပြုရေးကို ကျေးရွာအနှံ့ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင် လုပ်ကိုင်ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး၊ ဒေသကြီး(၂၄)ခု ဖွံ့ဖြိုးရေးစသည့် ဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်များကို အဆက်အစပ်ရှိရှိ ကွက်ပြည့် အကောင်အထည်ဖော်မှုကြောင့် ယနေ့နိုင်ငံတော်အတွင်း၌ ဒေသတစ်ခုနှင့် တစ်ခုအကြား ဆူကြဲနိမ့်မြင့်ကွာဟချက်များသည် လျော့နည်းကျဆင်းလာပြီး ဒေသအားလုံးသည် တစ်ပြိုင်တည်း အရှိန်အဟုန်ဖြင့် တိုးတက်လာနေပြီဖြစ်ကြောင်း။

စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုရေးတို့အရ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ နိုင်ငံရေးအရ ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းရေးကိုလည်း ယနေ့ အကောင်အထည်ဖော်နေပြီဖြစ်သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ တိုင်းရင်းသားပေါင်းစုံ၊ လူထုလူတန်းစား အလွှာစုံပါရှိသည့် အမျိုးသားညီလာခံကြီးသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်၌ အရေးအကြီးဆုံး သမိုင်းမှတ်တိုင်အဖြစ် ရပ်တည်ပြီး အနာဂတ် နိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် အခြေခံမူများကို အောင်အောင်မြင်မြင် ချမှတ်နေပြီ ဖြစ်ကြောင်း။

## မလွဲမသွေအောင်မြင်

နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် နားလည်မှုရှိရှိ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်နိုင်မှုကြောင့် နိုင်ငံတော်သည် ဘက်စုံကဏ္ဍစုံမှ တိုးတက်အောင်မြင်မှုများ ရရှိလျက်ရှိကြောင်း၊ နိုင်ငံရေးမျက်နှာစာတွင်လည်း ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းရေး လုပ်ငန်းအစီအစဉ်များသည် နိုင်ငံတော်၏ ပကတိအခြေအနေနှင့် ဆီလျော်ကိုက်ညီသည့်အတွက် မလွဲမသွေအောင်မြင်မှုများ ရရှိမှာဖြစ်ကြောင်း။

အသင်းဝင်များသည်လည်း နိုင်ငံတော်၏ ခေတ်သစ်စနစ်သစ် တည်ဆောက်ရေးလုပ်ငန်းစဉ်များကို ချမှတ်ထားပြီဖြစ်သည့် ဦးတည်ချက်များနှင့်အညီ အကောင်အထည်ဖော်နိုင်ရန်အတွက် ကျရာအခန်းကဏ္ဍမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း။

ဤကဲ့သို့ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ရာတွင် ခိုင်မာသည့် ယုံကြည်ချက်နှင့်အတူ ကျယ်ပြန့်သည့် အသိအမြင်များကို အခြေခံပြီး စည်းရုံးလှုပ်ရှားဆောင်ရွက်နိုင်ရန်အတွက် သင်တန်းမှာရော၊ လက်တွေ့မှာပါ အမြဲလေ့လာ မှတ်သားဆည်းပူးပြီး မိမိကိုယ်ကို ပြုစုပျိုးထောင်ကြပါဟု မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယက အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

သင်တန်းသို့ ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသား သင်တန်းသူ၂၁၁ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည် ဖြစ်သည်။

**(သတင်းစဉ်)**

✡ *ကျောဖုံးမှ*

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက် ငါးရပ်နှင့်အညီ နိုင်ငံရေးအနှစ်သာရပြည့်ဝစွာဖြင့် ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနား ကျင်းပရေးအတွက် ရန်ကုန်မြို့တော်ခန်းမ၌ တစ်နှစ်တာရပ်နားခဲ့သော ပြည်ထောင်စုအလံတော်ကို ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်လေးခရိုင်သို့ လှည့်လည်သယ်ဆောင်ရေး အစီအစဉ်အရ ယနေ့နံနက်ပိုင်းတွင်ရန်ကုန်မြို့တော်ခန်းမမှ ရန်ကုန်တောင်ပိုင်းခရိုင်ကိုယ်စားပြု သန်လျင်မြို့နယ် သီဟဒီပ အားကစားကွင်းသို့ ပြည်ငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စု အလံတော်ကို နံနက်၆ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အလေးပြု၍ နုတ်ယူပြီး တပ်မတော် (ကြည်း၊ရေ၊လေ)၊ ရဲအရာရှိ လေးဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်ထောင်စုတိုင်းရင်းသား တိုင်းရင်းသူများ ခြံရံကာ မြို့တော်ခန်းမမှသတ်မှတ်လမ်းကြောင်းအတိုင်း မဟာဗန္ဓုလလမ်းရှိ မြို့တော်ခန်းမရှေ့သို့ သယ်ဆောင်လာရာ မြို့တော်မင်္ဂလာစည်တော်အဖွဲ့က စည်တော်ရွမ်း၍ ဂုဏ်ပြုကြသည့် နည်းတူ

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းထံ ပြည်ထောင်စုအလံတော်ကို လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

ထောင်စုလှေဖြင့် လည်းကောင်း၊ နိုင်ငံတော်အလံတော်သယ်ယူရေးအဖွဲ့များက အဆင့်ဆင့် လက်ဆင့်ကမ်း၍ လည်းကောင်း သယ်ဆောင်ကြပြီး နံနက် ၈နာရီ မိနစ် ၅၀တွင် သန်လျင်မြို့ သီဟဒီပ အားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော်ကို စိုက်ထူ အလေးပြုကာ တစ်ညတာရပ်နားလိုက်သည်။

## အလေးပြု

ရှေးဦးစွာ ပြည်ထောင်စု အလံတော်ကို ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်လေးခရိုင်သို့ လှည့်လည် သယ်ဆောင်ရန်အတွက် ရန်ကုန်မြို့တော်ခန်းမ ပထမထပ်ရှိ မြို့တော်ဝန်ဧည့်ခန်းမ ပြည်သူများကလည်း ဂုဏ်ပြုကြိုဆို အလေးပြုကြသည်။

ဆက်လက်၍ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက မဟာဗန္ဓုလ ပန်းခြံရှေ့အရောက်တွင် အသင့်စောင့်ဆိုင်းနေသော ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းထံ ပြည်ထောင်စုအလံတော်ကို လွှဲပြောင်းပေးအပ်သည်။ တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းက မဟာဗန္ဓုလလမ်း အတိုင်း ဆက်လက်သယ်ဆောင်သွားကာ မဟာဗန္ဓုလလမ်းနှင့် မဟာဗန္ဓုလ ပန်းခြံလမ်းထောင့်အရောက်၌ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာ

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း ပြည်ထောင်စု အလံတော်ကို သယ်ဆောင်လာစဉ်။ (သတင်းစဉ်)

ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်ထံ ပြည်ထောင်စုအလံတော်ကို လွှဲပြောင်း ပေးအပ်သည်။

ထို့နောက်ရန်ကုန်တောင်ပိုင်း ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်က ပြည်ထောင်စုအလံတော်ကို သယ်ဆောင်သွားပြီး နံနက် ၆ နာရီ ၅၅ မိနစ်တွင် ပြည်ထောင်စု အလံတော် သယ်ဆောင်သွားမည့် ပြည်ထောင်စု လှေပေါ်ရှိ ငွေဖလား၌ စိုက်ထူလိုက်သည်။

## သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

ဆက်လက်၍ ပြည်ထောင်စုလှေပေါ်ရှိ ငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စုအလံတော်ကိုတပ်မတော် (ကြည်း၊ ရေ၊ လေ)၊ရဲအရာရှိ လေးဦးနှင့် ပြည်ထောင်စုတိုင်းရင်းသား တိုင်းရင်းသူများ လိုက်ပါ၍ ရန်ကုန်တောင်ပိုင်းခရိုင် ကိုယ်စားပြု သန်လျင်မြို့သို့ ပြည်ထောင်စုလှေဖြင့် မဟာဗန္ဓုလလမ်းအတိုင်း မဟာဗန္ဓုလတံတားကို ဖြတ်သန်းကာ ယမုံနာလမ်း၊ ရှုခင်းသာမြို့ပတ်လမ်း၊ ရန်ကုန်-သန်လျင် တံတား ချဉ်းကပ်လမ်းအတိုင်း ရန်ကုန်-သန်လျင်တံတားကို ဖြတ်သန်းပြီး သယ်ဆောင်လာရာ ကျောက်တံတားမြို့နယ်၊ ဗိုလ်တထောင်မြို့နယ်၊ ပုဇွန်တောင်မြို့နယ်၊ ဒေါပုံမြို့နယ်နှင့် သာကေတမြို့နယ်တို့မှ မြို့နယ်နှင့်ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီဝင်များ၊ သူနာပြုဆရာမများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ကျောင်းသားကျောင်းသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ထောင်ပေါင်းများစွာသော ပြည်သူလူထုကြီးက ပြည်ထောင်စုအလံတော်ကို အလေးပြုကြသည့်အပြင် ပြည်ထောင်စုအလံငယ်များ ဝှေ့ယမ်း၍ လည်းကောင်း၊ ဘင်ခရာ၊ပန်းဖွားအကများဖြင့်လည်းကောင်း၊ မင်္ဂလာဆိုင်းဝိုင်းကြီးများဖြင့်စည်တော်ရွမ်း၍လည်းကောင်း၊ အတီးအမှုတ် အက အခုန်များဖြင့်လည်းကောင်း၊ ပြည်ထောင်စု အလံတော် သယ်ဆောင်ရာ လမ်းတစ်လျှောက် ဝဲ/ယာ တစ်ဖက် တစ်ချက်၌နိုင်ငံတော်အလံများနှင့်ရောင်စုံ အလံများ စိုက်ထူ၍ လည်းကောင်း၊

*စာမျက်နှာ ၇ ကော်လံ ၁ သို့*

ပြည်ထောင်စုအလံတော်ကို ပြည်ထောင်စုလှေဖြင့် ရန်ကုန်မြို့တော်ခန်းမမှ ရန်ကုန်တောင်ပိုင်းခရိုင် ကိုယ်စားပြု သန်လျင်မြို့သို့ သယ်ဆောင်လာစဉ်။ (သတင်းစဉ်)

*စာမျက်နှာ ၆ မှ*

**“(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော်အား လှိုက်လှဲစွာ ကြိုဆို ပါ၏”** စာတန်းပါ လမ်းဖြတ်ကြိုဆို ရေးစာတန်းများဖြင့်လည်းကောင်း၊ မုခ်ဦးများ တည်ဆောက်၍ လည်း ကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြု ကြိုဆိုကြသည်။

ပြည်ထောင်စု အလံတော်ကို သယ်ဆောင်လာသည့် ပြည်ထောင်စု လှေသည် နံနက်၇နာရီ မိနစ်၄၀တွင် ရန်ကုန်–သန်လျင်တံတား ထိပ်အနီးရှိ ရန်ကုန်တောင်ပိုင်းခရိုင် ကြိုဆိုရေး မုခ်ဦးသို့ အရောက်၌ ရန်ကုန်တောင် ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်က ပြည်ထောင်စု လှေ ပေါ်ရှိ ငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စုအလံတော်ကို အလေး ပြု၍ နုတ်ယူကာ တပ်မတော် (ကြည်း၊ ရေ၊လေ)၊ ရဲအရာရှိ လေးဦးနှင့် တိုင်းရင်းသား တိုင်းရင်းသူများ ခြံရံ လျက် သယ်ဆောင်လာပြီး ရန်ကုန် တောင်ပိုင်းခရိုင် ပြည်ထောင်စု ကြံ့ခိုင် ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးလွင်ဦးခေါင်းဆောင်သောအလံတော် သယ်ယူရေးအဖွဲ့အား ပြည်ထောင်စု အလံတော်ကို လွှဲပြောင်းပေးအပ်သည်။

**လက်ဆင့်ကမ်းသယ်ဆောင်**

ထို့နောက်ရန်ကုန်တောင်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးလွင်ဦး ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့မှ တစ်ဆင့် ပြည် ထောင်စုအလံတော်ကိုသန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ဌေး ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့၊ ကျောက် တန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမောင် မောင်ခင် ခေါင်းဆောင်သော အလံ တော် သယ်ယူရေးအဖွဲ့၊ သုံးခွမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်အေး ခေါင်းဆောင်သော အလံတော်သယ် ယူရေးအဖွဲ့၊ ခရမ်း မြို့နယ်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းဦး ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ဒလ မြို့နယ် အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုး ရေး ကောင်စီ ဥက္ကဋ္ဌ ဦးမြင့်အောင် ခေါင်းဆောင်သော အလံတော် သယ် ယူရေးအဖွဲ့၊ တွံတေးမြို့နယ် အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်နိုင် ခေါင်း ဆောင်သော အလံတော်သယ်ယူရေး အဖွဲ့၊ ဆိပ်ကြီးခနောင်တိုမြို့နယ် အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးအေးငွေ ခေါင်း ဆောင်သော အလံတော်သယ်ယူရေး အဖွဲ့၊ ကော့မှူးမြို့နယ် အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဝင်းခေါင်းဆောင်သော အလံ တော်သယ်ယူရေးအဖွဲ့၊ ကွမ်းခြံကုန်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ရွှေ ခေါင်း ဆောင်သော အလံတော်သယ်ယူရေး အဖွဲ့၊ စက်မှုလယ်ယာ ဦးစီးဌာနမှ ဦးသိန်းဇော်ဝင်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ သန်လျင် မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ဆရာမ ဒေါ်နန်းအိမ်စည် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ခရိုင် ကျန်းမာရေးဦးစီးဌာနမှဆရာမဒေါ်မိုင် အိစတာအင် ခေါင်းဆောင်သော အလံ တော်သယ်ယူရေးအဖွဲ့၊သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဦးမျိုးကြည် ခေါင်းဆောင်သော အလံတော် သယ် ယူရေးအဖွဲ့၊သန်လျင်မြို့နယ် အမှတ် (၃) အခြေခံပညာ အထက်တန်း ကျောင်းမှ ဆရာမ ဒေါ်အေးအေးမြင့် ခေါင်းဆောင်သော အလံတော်သယ် ယူရေးအဖွဲ့၊မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ ဦးထွန်းလွင် ခေါင်းဆောင်သော အလံ တော်သယ်ယူရေးအဖွဲ့၊ ကျောက်တန်း မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင် ဒေါ်သီတာမိုးဦး ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ သန်လျင် မြို့ အမှတ်(၄) အခြေခံပညာ အထက် တန်းကျောင်းမှ ဆရာမဒေါ်မြင့်မြင့်စိန် ခေါင်းဆောင်သော အလံတော်သယ် ယူရေးအဖွဲ့၊ ခရိုင်လူဝင်မှုကြီးကြပ်ရေး နှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီး ဌာနမှ ဦးကိုကို (ခ) ဦးခင်မြင့် ခေါင်းဆောင်သော အလံတော်သယ် ယူရေးအဖွဲ့၊ သန်လျင်မြို့နယ် ပြည် ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင် ဒေါ်လဲ့လဲ့ အောင် ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့၊ သန်လျင်ရေနံချက် စက်ရုံမှ ဦးစိုးတင့် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ဖိနပ် စက်ရုံမှ ဒေါ်စန်းစန်းညွန့်ခေါင်းဆောင် သော အလံတော်သယ်ယူရေးအဖွဲ့၊ သုံးခွမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှု ဆောင် ဒေါ်ခင်မြတ်စု ခေါင်းဆောင် သော အလံတော်သယ်ယူရေးအဖွဲ့၊ သန်လျင်မြို့ အမှတ်(၁၀) သစ်စက်မှ ဒေါ်ခိုင် ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့၊ သန်လျင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အတွင်းရေးမှူး ဗိုလ်ကြီးစိန်ဝင်း(အငြိမ်းစား) ခေါင်း ဆောင်သော အလံတော်သယ်ယူရေး အဖွဲ့၊ ခရမ်းမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ် အမှုဆောင် ဦးဌေးလွင် ခေါင်းဆောင် သောအလံတော် သယ်ယူရေးအဖွဲ့၊ ထုပ်ပိုးပစ္စည်းစက်ရုံမှ ဒေါ်ကေသီ သက် ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့၊ သန်လျင် ဖန်ချက် စက်ရုံမှ ဦးမြဝင်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ သန်လျင် မြို့နယ် မီးသတ်တပ်ဖွဲ့ မှ ဦးကျော် ထွန်း ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့၊ တောင်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းမြင့် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ တောင် ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက် ရေး ကြီးကြပ်ရေးအဖွဲ့မှ ဒေါ်သီတာ ဝင်း ခေါင်းဆောင်သော အလံတော် သယ်ယူရေးအဖွဲ့တို့က ရန်ကုန် တောင်ပိုင်းခရိုင် အထွေထွေ အုပ်ချုပ် ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်း ခေါင်းဆောင်သော အလံ တော်သယ်ယူရေးအဖွဲ့သို့ အဆင့်ဆင့် လက်ဆင့်ကမ်းပြီး ပြည်ထောင်စု အလံတော်ကို လွှဲပြောင်းပေးအပ်သည်။

**လွှဲပြောင်းပေးအပ်**

ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်း ခေါင်းဆောင်သော အလံတော်သယ် ယူရေးအဖွဲ့က သီဟဒီပ အားကစား ကွင်းထိပ်သို့ ဆက်လက် သယ်ဆောင် သွားပြီး သတ်မှတ်နေရာအရောက်၌ ပြည်ထောင်စု အလံတော်ကို ရန်ကုန် တောင်ပိုင်းခရိုင် အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး အောင်ပြည့်ထံ လွှဲပြောင်း ပေးအပ်သည်။

ဆက်လက်၍ ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့် က တပ်မတော်(ကြည်း၊ ရေ၊လေ)၊ ရဲအရာရှိ လေးဦးနှင့် တိုင်းရင်းသား တိုင်းရင်းသူများ ခြံရံကာ သီဟဒီပ အားကစားကွင်းသို့ သယ်ဆောင်သွား ပြီးနောက် သီဟဒီပအားကစားကွင်း စင်မြင့်ရှိ ငွေဖလား၌ နံနက် ၈ နာရီ မိနစ် ၅၀ တွင် ပြည်ထောင်စု အလံ တော်ကို စိုက်ထူလိုက်ရာ ရန်ကုန်တိုင်း စစ်ဌာနချုပ် စစ်ရေးပြတပ်ဖွဲ့၊ ဂုဏ်ပြု တပ်ဖွဲ့နှင့်အတူ ပြည်သူလူထုကြီးက အလေးပြုကြရာ တပ်မတော်စစ်တီး ဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ် ပေးသည်။

(၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ အလံတော် တစ်ညတာ ရပ်နားရာ သန်လျင်မြို့ သီဟဒီပ အားကစား ကွင်း၌ အလံတော်လာရောက်အလေး ပြုကြသူများဖြင့် စည်ကားလျက် ရှိသည့်အပြင် ဝန်ကြီး ဌာနပေါင်းစုံမှ ပြခန်းပေါင်း ၁၀ ခန်း ပြသထားပြီး ခရိုင်နှင့် မြို့နယ်လူမှုရေးအသင်း အဖွဲ့များမှ ဆိုင်ခန်းပေါင်းရှစ်ခန်း ဖွင့်လှစ်ရောင်းချပေးသည်။ ပျော်ပွဲ ရွှင်ပွဲအဖြစ် ယနေ့ညမှ ဖေဖော်ဝါရီ ၁၂ ရက်ညအထိ ပြန်ကြားရေး ဝန်ကြီး ဌာန မော်ကွန်းရုပ်ရှင်ဖြင့် ပြည်သူ များအား ဖျော်ဖြေမည်ဖြစ်သည်။

**(သတင်းစဉ်)**

**ခိုက်ထူ**

**ရန်ကုန် တောင်ပိုင်းခရိုင် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့် သန်လျင်မြို့ သီဟဒီပ အားကစားကွင်း စင်မြင့်ရှိ ငွေဖလားတွင် ပြည်ထောင်စု အလံတော်ကို စိုက်ထူပြီး အလေးပြုစဉ်။**
(သတင်းစဉ်)

**၂၀၀၆ ခုနှစ် (၅၉) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အထက်တန်းအဆင့် သင်ကြားမှု သင်ယူမှု အထောက်အကူပြု Language Lab သင်ကြားခြင်း စွမ်းရည်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၈ရက်က အမှတ်(၃) အခြေခံပညာ ဦးစီးဌာနနှင့် Soft Guide Computer Training Centre တို့ပူးပေါင်းစီစဉ်မှုဖြင့် တပ်မတော်ခန်းမ၌ ကျင်းပရာ ပြိုင်ပွဲဝင် အကောင်းဆုံး ဆုရရှိသည့် အထက(၁)ဒဂုံနှင့် အကောင်းဆုံးသင်ကြားမှု ဆရာ် ဆုရရှိသည့် ဒေါ်သီတာလှ အထက(၁) ဒဂုံတို့ကို အမှတ်(၃) အခြေခံပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်သိန်းက ဆုချီးမြှင့်စဉ်။** (ပညာရေး)

## မြန်မာ့ရုပ်မြင်သံကြား

**၉–၂–၂၀၀၆ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၀၀ ၆။ အတီးပြိုင်ပွဲ
- ၈:၀၅ ၇။ အကပဒေသာ
- ၈:၁၅ ၈။ အရေးပြိုင်ပွဲ
- ၈:၂၀ ၉။ (၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်
- ၈:၃၀ ၁၀။ International News
- ၈:၄၅ ၁၁။ Let's Go
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ အဆိုပြိုင်ပွဲ
- ၁၆:၃၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
- ၁၆:၄၅ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၁၇:၀၅ ၆။ **“သတိနဲ့ယှဉ် အသိနဲ့ပြင်”** ဝါးခယ်မရဲမောင်၊ ဘုန်းလျှံ၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး (ဒါရိုက်တာ–မင်းအုပ်စိုး)
- ၁၇:၂၀ ၇။ မြန်မာစာ၊မြန်မာစကား
- ၁၇:၃၀ ၈။ (၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ဂုဏ်ပြုအစီအစဉ်
- ၁၇:၄၅ ၉။ တေးဂီတအစီအစဉ်
- ၁၇:၅၅ ၁၀။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
- ၁၈:၀၀ ၁၁။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ရောင်စဉ်မေတ္တာ”** (အပိုင်း–၃)
- ၁၉:၂၀ ၁၄။ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၁၉:၃၀ ၁၅။ ခြစည်းရိုးကြက်ဆူရိုင်း အကြောင်း သိကောင်းစရာဆွေးနွေးခန်း
- ၁၉:၄၀ ၁၆။ ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ (အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု)
- ၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **“နှင်းဆီအိပ်မက်”** (အပိုင်း–၅)
- ၂၁။ နောက်တစ်နေ့အစီအစဉ်

## နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

**၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်**
**(၁၂–၂–၂၀၀၆) ရက်နေ့**
**နှင့်**
**(၂၉–၂–၂၀၀၆) ရက်နေ့**

**ဖေဖော်ဝါရီ ၃ရက်က အမက (၃) စမ်းချောင်းတွင် နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံ ပြပွဲ၊ ဟောပြောပွဲ ဖွင့်ပွဲ ကျင်းပရာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင်းဝင်းဌေးနှင့်ကျောင်း အုပ်ဆရာကြီး ဦးချစ်စိန် တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။**
(မြို့နယ် ပြန်/ဆက်)

## ပါဠိကာရီဆရာတော်၏ ဓမ္မခရီးစဉ်

**ရန်ကုန် ဖေဖော်ဝါရီ ၈**

သာကေတမြို့ စက်မှုလက်မှု ရပ်ကွက် ပါဠိကာရီ ပရိယတ္တိ စာသင်တိုက်နှင့် မှော်ဘီမြို့နယ် ကုလားကုန်းကျေးရွာ ပါဠိကာရီ ချမ်းမြေ့နန္ဒာပရိယတ္တိစာသင်တိုက်တို့ ၏ ဦးစီးပဓာန မဟာနာယက ဒီဃ ဘာဏက၊ ဒီဃနိကာယကောဝိဒ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂ မဟာပဏ္ဍိတ ဘဒ္ဒန္တ အင်္ဂိသဆရာ တော်အရှင်သည် ဖေဖော်ဝါရီ ၁၀ရက်၊ ၁၁ရက်တို့တွင် ဝါးခယ်မမြို့ သဗ္ဗ မင်္ဂလာဓမ္မဗိမာန်၊ ၁၂ရက်တွင် အေလာမြို့ ရေကာရွာ၊ ၁၃ရက်တွင် မန္တလေးမြို့၊ ၁၄ရက်တွင် ဝက်လက် ညောင်ပင်ကြီးတော၊ ၁၇ရက် တွင် မအူပင်မြို့ ရွှေကျောင်းမွှေ့ရုံ၊ ၁၈၊ ၁၉ ရက်တို့တွင် တောင်ဒဂုံမြို့သစ် (၅၅)ရပ်ကွက်၊ ၂၀ရက်နှင့်၂၁ရက်တို့တွင် ကဝမြို့ ကျောင်းတိုက်ရွာ အောင်သုခကျောင်း၊ ၂၂ရက်၊ ၂၃ရက်တို့တွင် ဥက္ကံမြို့ ဘုရားကြီးကျောင်းတိုက်တို့၌ နိဗ္ဗာန် ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဟုသိရသည်။**(က–ပ)**

## လေဖိအားနည်းချိုင့်ဝှမ်းဖြစ်ပေါ် နေရာကွက်ကျားမိုးရွာနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၈

**ယနေ့နံနက် မြန်မာစံတော်ချိန် ၉နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းချိုင့်ဝှမ်း၏ အရှိန်ကြောင့် ရခိုင်ပြည်နယ် တောင်ပိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်း(တောင်ပိုင်း)တို့တွင် ယနေ့နံနက်မှ နောက် ၄၈နာရီအတွင်း နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ကြောင်း သက် ဆိုင်ရာမှ သတင်းရရှိသည်။** (သတင်းစဉ်)

## (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

# ပြည်ထောင်စုနေ့ ဦးတည်ချက်များကို အမျိုးသားရေးတာဝန်အဖြစ် ခံယူကြိုးပမ်းသွားကြပါစို့

၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့၌ ကျရောက်မည့် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားများကို နိုင်ငံတော် တစ်ဝန်းတွင် ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေးအတွက်–

- **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊**
- **တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန် ထွန်းကားရေး၊**
- **ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊**
- **နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး–**

ဟူသော အမျိုးသားရေး ဦးတည်ချက်များချမှတ်ထားပေသည်။

## အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးစု ၁၀၀ကျော်တို့သည် ရှေးပဝေသဏီကတည်းက ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး အတူတကွ အခြေချနေထိုင်ခဲ့ကြသည်။ တစ်ဦးနှင့်တစ်ဦး အေးအတူပူအမျှ ပူးပေါင်း နေထိုင်ခဲ့သည့် ခိုင်မြဲသောအစဉ်အလာကောင်းရှိပြီးဖြစ်သည်။ နိုင်ငံတော်၏ သမိုင်းကြောင်းတွင် တိုင်းရင်းသားလူမျိုး အချင်းချင်း ဥမကွဲသိုက်မပျက် အပြန်အလှန် စာနာနားလည်မှု၊ တွယ်တာမှုများဖြင့် ချစ်ကြည်စွာနေထိုင်သည့် ပြည်ထောင်စုစိတ်ဓာတ် အရင်းခံရှင်သန်မှုများရှိသည်။

နိုင်ငံတော်အတွင်း တိုင်းရင်းသားများသည် လူမျိုးတစ်မျိုးစီ၊ နေရာဒေသတစ်ခုစီ၌ သီးခြားနေထိုင်ကြသည်မဟုတ်ဘဲ တိုင်းရင်းသားလူမျိုးများအားလုံးသည် နယ်မြေဒေသတိုင်း၌ ရှေးပဝေသဏီကပင် အတူတကွ ပေါင်းစုနေထိုင်လာခဲ့ကြခြင်းဖြစ်သည်။ ထို့ကြောင့် မိမိတို့ တိုင်းရင်းသားလူမျိုးများသည် ပင်ကိုအားဖြင့် တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး စိတ်ဝမ်းမကွဲဘဲ ရှိနေကြသော လူမျိုးများဖြစ်သည်။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ ပြည်ထောင်စု၏ မည်သည့်နေရာတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရေးပင်ဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ်သည် သာလျှင် တိုင်းရင်းသားအားလုံး ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ်သည် ဒို့တာဝန်အရေးသုံးပါး၏ အခြေခံလည်း ဖြစ်သည်။

**ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ မည်သည့်အဖွဲ့အစည်း၊ မည်သည့်လူမျိုး၊ မည်သည့်အယူဝါဒကိုမျှ အခြေခံသည့် စိတ်ဓာတ်မဟုတ်ဘဲ တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် အမျိုးသားရေးစိတ်ဓာတ်ပင် ဖြစ်သည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးမှာလည်း ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအားလုံးနှင့် သက်ဆိုင်သည့် နိုင်ငံသူ၊ နိုင်ငံသားတိုင်း ထမ်းရွက်ရမည့် အမျိုးသားရေးတာဝန်များပင် ဖြစ်သည်။**

### အထက်မင်းလှ ညွန့်အောင်

တိုင်းရင်းသားပြည်သူများသည် ပင်ကိုအားဖြင့် တည်ရှိပြီးဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများကို ပိုမိုတောင့်တင်းခိုင်ခံ့အောင်၊ ပိုမိုခိုင်မြဲအောင် တည်ဆောက်ပေးကြရမည် ဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ် တောင့်တင်းခိုင်မာမှသာ မိမိတို့ပြည်ထောင်စုကြီး၏ နယ်နိမိတ်သည် အမြဲတမ်းတည်တံ့ပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည်လည်း အစဉ်ထာဝရ တည်မြဲနေမည် ဖြစ်သည်။

ပြည်ထောင်စုကြီး အစဉ်ထာဝရ တည်တံ့ခိုင်မြဲနေစေရန် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးသည် ပဓာနကျပေသည်။ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေး ဆောင်ရွက်ရာတွင် အတွေးအခေါ် အယူအဆပိုင်း သက်သက်၊ သဘောတရားရေး သက်သက်ဖြင့် တည်ဆောက်၍မရနိုင်ဘဲ လက်တွေ့ပိုင်းဖြင့် ပေါင်းစပ်ပေးနိုင်ရန်လည်း လိုအပ်ပေသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီးတစ်ရပ်လုံး မျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရအောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးစီမံကိန်း၊ ဖွံ့ဖြိုးရေး အထူးဒေသကြီး ၂၄ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဟူသော ဖွံ့ဖြိုးရေးစီမံကိန်းသုံးရပ်ကို တစ်ပြိုင်နက်တည်း ပေါင်းစည်းဆက်စပ် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက် ရှိသည်။

နိုင်ငံတော် တည်ဆောက်ရေးတွင် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင် မွေးထုတ်ပေးရေးသည် အဓိကအခန်းကဏ္ဍက ပါဝင်ပေသည်။ ထို့ကြောင့် ဖွံ့ဖြိုးရေးအထူးဒေသကြီးများသတ်မှတ်ပြီး နယ်မြေဒေသတိုင်းတွင် နိုင်ငံသားတိုင်း အဆင့်မြင့်ပညာသင်ယူခွင့်ရရှိစေရန် စီမံဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

ယခုအခါ အဆင့်မြင့်ပညာသင်ယူနိုင်မှု အခွင့်အလမ်းများကို နယ်မြေဒေသအနှံ့ အပြည့်အဝ ဖြန့်ကြက်ထူထောင်ပေးထားပြီး ဖြစ်သဖြင့် ဒေသအလိုက် လိုအပ်သည့် ဖွံ့ဖြိုးရေးဆိုင်ရာ အဆောက်အအုံများကို ဒေသကမွေးထုတ်လိုက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၏ စွမ်းအားဖြင့် တည်ဆောက်နိုင်နေပြီဖြစ်သည်။ ဒေသတိုင်းတွင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးပြီး မိမိဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက်သာမက ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ ပါဝင်တည်ဆောက်နိုင်စေရအောင်ဆိုသည့် ရည်ရွယ်ချက်ဖြင့် စီမံဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု မျှတလာသည်နှင့်အမျှ ပြည်ထောင်စုကြီး၏ နယ်မြေဒေသများ အားလုံးသည်လည်း ညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသတိုင်းတွင် စီးပွားရေးအခြေခံများ တိုးတက်ဖြစ်ထွန်းလာအောင် စီမံဆောင်ရွက်ပေးလျက်ရှိသည်။ စီးပွားရေးတိုးတက်ခိုင်မာရေးအတွက် ဆည်မြောင်းတာတမံကြီးများ၊ လမ်းမကြီးများ၊ တံတားကြီးများကို တည်ဆောက်ပေးလျက်ရှိသည်။

တည်ဆောက်ပေးပြီးဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အခြေခံကောင်းများ၏ ကျေးဇူးကြောင့် လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုး တိုးတက်လာသည်နှင့်အမျှ စက်မှုဖွံ့ဖြိုးရေးနှင့် ကျန်လိုအပ်ချက်များအပိုင်းမှာလည်း ပြည့်စုံလာမည်ဆိုသည့် ရည်မှန်းချက်ဖြင့် အရှိန်အဟုန်မပျက် ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းအခြေခံကောင်းများ တိုးတက်ဖြစ်ထွန်းမှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားခိုင်မြဲမှုတို့ ပေါင်းစပ်ပေးနိုင်သည်နှင့်အမျှ ပြည်ထောင်စုကြီး အစဉ်ထာဝရ တည်တံ့ခိုင်မြဲမည်ဆိုသည့် သဘောထားခံယူချက်ဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော် ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် နိုင်ငံရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးတွင် ပထမဆုံး အခြေခံလိုအပ်ချက်မှာ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ဖြစ်ထွန်းနေရန်ဖြစ်သည်။ ဒုတိယအခြေခံလိုအပ်ချက်မှာ အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းရန်ဖြစ်သည်။ တတိယအခြေခံလိုအပ်ချက်မှာ နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ ပညာရည်မြင့်မားရေးပင်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့် အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် အခြေခံလိုအပ်ချက်သုံးရပ်ကို နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့ လက်တွဲကြိုးပမ်းတည်ဆောက်မှုကြောင့် နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်ရလဒ်များကို ထင်ရှားစွာ တွေ့မြင်နေကြရပြီဖြစ်သည်။

နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ လက်တွဲကြိုးပမ်း တည်ဆောက်ထားသည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို မနာလိုမရှုဆိတ်ကြသည့် ပြည်တွင်းပြည်ပ အဖျက်သမားများက အစဉ်အမြဲ ထိပါးနှောင့်ယှက် ဖျက်ဆီးနေကြသည်။ ထိုအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ကာကွယ်တားဆီးသွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူတို့၏ အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ဖြစ်ထွန်းပေါ်ပေါက်ရေး၊ ပြည်ထောင်စုကြီး အစဉ်ထာဝရ အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များကို တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက အမျိုးသားရေးတာဝန်အဖြစ် ခံယူကြိုးပမ်းသွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ မည်သည့်အဖွဲ့အစည်း၊ မည်သည့်လူမျိုး၊ မည်သည့်အယူဝါဒကိုမျှ အခြေခံသည့် စိတ်ဓာတ်မဟုတ်ဘဲ တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် အမျိုးသားရေး စိတ်ဓာတ်ပင် ဖြစ်သည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးမှာလည်း ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများ အားလုံးနှင့် သက်ဆိုင်သည့် နိုင်ငံသူ၊ နိုင်ငံသားတိုင်း ထမ်းရွက်ရမည့် အမျိုးသားရေးတာဝန်များပင် ဖြစ်သည်။**



# တပ်မတော်အစိုးရလက်ထက်

## ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ကယားပြည်နယ်

ကယားပြည်နယ်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အရှေ့ပိုင်းတွင် တည်ရှိပြီး စတုရန်းမိုင်ပေါင်း ၄၅၃၀ကျယ်ဝန်းသည်။ ကယား၊ ကယန်း၊ မိုနို၊ ကယော၊ ယင်းတလဲ၊ ဂေခို၊ ဂေဘား စသည့် တိုင်းရင်းသား မျိုးနွယ်စုများနှင့် ကချင်၊ ကရင်၊ချင်း၊ ပအိုဝ်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း၊ အင်းသား စသော တိုင်းရင်းသားများ အတူတကွ ပူးပေါင်း နေထိုင်ကြသည့် ပြည်ထောင်စုငယ်တစ်ခုအသွင် တည်ရှိနေသည်။လက်ရှိလူဦးရေ ၃၁၂၀၀၀ ခန့်ရှိရာ ပျမ်းမျှ လူနေသိပ်သည်းမှုမှာ တစ်စတုရန်းမိုင်လျှင် ၉၆ဦး ဖြစ်သည်။

ကယားပြည်နယ်သည် ကုန်းမြင့်ဒေသ၌ တည်ရှိသော ပြည်နယ်တစ်ခုဖြစ်သည်။ ရှမ်းကုန်းပြင်မြင့်နှင့်ဆက်စပ်နေပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၉၅၀မှ ၆၀၀၀ အကြား မြင့်မားသည်။ မြောက်ဘက်မှ တောင်ဘက်သို့ စီးဆင်းနေသော မြစ်အများစုသည် တောင်ကုန်းထူထပ်သော ဒေသကို ဖြတ်သန်းရသဖြင့် ရေစီးသန်သည်။ အင်းလေးကန်မှ စတင်စီးထွက်လာသော ဘီလူးချောင်းစီးဆင်းရာ လွိုင်ကော်လွင်ပြင်တွင် မြေဩဇာ ကောင်းမွန်သော စိုက်ပျိုးမြေများ ရှိသည်။

တပ်မတော်အစိုးရ နိုင်ငံ့တာဝန် စတင်ယူခဲ့ရစဉ်က တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကို ဥပဒေဘောင်အတွင်း ဝင်ရောက်လာရန် လက်ကမ်းကြိုဆိုခဲ့သည်။ ယင်းသို့ မွန်မြတ်သော သဘောထား စေတနာမှန်ဖြင့် ဆောင်ရွက်ခဲ့ခြင်းသည် ပြည်ထောင်စုကြီးတစ်ခုလုံး ငြိမ်းချမ်းသာယာစွာဖြင့် တိုင်းရင်းသားလူမျိုးများအားလုံး ဆူကြိုးနိမ့်မြင့် ကွာဟချက်မရှိ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက်ပင် ဖြစ်သည်။

ဤသို့ဖြင့် ကယားပြည်နယ်၌ ငြိမ်းချမ်းမှု ရရှိလာသည်နှင့် အမျှ ဖွံ့ဖြိုးတိုးတက်မှုများ ဝေဆာလာခဲ့သည်။ ကယားပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာနိုင်ရန် အတွက် ၁၉၈၈ခုနှစ် ကာလနှင့် မျက်မှောက်ကာလ ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ပြပါအတိုင်းတွေ့မြင်နိုင်ပေသည်။ ။

**ကယားပြည်နယ် လွိုင်ကော်မြို့တွင် တည်ဆောက်ပေးထားသော မိုက္ကရိုဝေ့ဗ် ဆက်သွယ်ရေးစခန်းကို ဤသို့တွေ့ရသည်။**
(ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)



## ကယားပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများ

| အမျိုးအမည် | ၁၉၈၈ | ၂၀၀၆ | တိုးတက်မှု |
|---|---|---|---|
| **စိုက်ပျိုး/မွေးမြူရေး** | | | |
| စိုက်ပျိုးမြေ (ဧက) | ၁၁၅၇၉၁ | ၁၄၅၄၇၉ | ၂၉၆၈၈ |
| ဆည်မြောင်း၊ တာတမံ | ၁၁ | ၁၃ | ၂ |
| မြစ်ရေတင်လုပ်ငန်း | – | ၂ | ၂ |
| မိုးစပါးစိုက် (ဧက) | ၅၆၀၀၇ | ၉၇၂၄၃ | ၄၁၂၃၆ |
| နွေစပါးစိုက် (ဧက) | – | ၈၆၂၀ | ၈၆၂၀ |
| ဆီထွက်သီးနှံစိုက် (ဧက) | ၉၈၆၂ | ၄၁၂၄၄ | ၃၁၃၈၂ |
| ငါးမွေးမြူရေးကန် (ဧက) | ၃ | ၂၃၂ဒသမ၁၈ | ၂၂၉ဒသမ၁၈ |
| **သစ်တောပြုစုပျိုးထောင်မှု** | | | |
| ကြိုးဝိုင်းတော(စတုရန်းမိုင်) | ၇၄ | ၂၇၀ | ၁၉၆ |
| သစ်တောစိုက်ခင်း(ဧက) | ၂၀၀ | ၇၁၅၇ | ၆၉၅၇ |
| **လမ်းပန်းဆက်သွယ်မှု** | | | |
| ကားလမ်း(မိုင်) | ၃၉၆ | ၅၈၁ | ၁၈၅ |
| ကတ္တရာလမ်း | ၁၂၆ | ၂၈၂ | ၁၅၆ |
| ကျောက်လမ်း | ၃၀ | ၃၂ | ၂ |
| ရထားလမ်း(မိုင်) | – | ၈ဒသမ၅၉ | ၈ဒသမ၅၉ |
| သံလမ်း(မိုင်) | – | ၁၀ဒသမ၉ | ၁၀ဒသမ၉ |
| ဘူတာရုံ | – | ၃ | ၃ |
| ပေ ၁၈၀ အထက်တံတား | ၆ | ၈ | ၂ |
| ပေ ၁၈၀ အောက်တံတား | ၁၄၅ | ၁၅၁ | ၆ |
| **လျှပ်စစ်စွမ်းအား** | | | |
| ရေအားလျှပ်စစ်စက်ရုံ | ၂ | ၄ | ၂ |
| ဒီဇယ်ဆီသုံးဓာတ်အားပေးစက်ရုံ | ၄ | ၂၆ | ၂၂ |

| ဓာတ်အားသုံးစွဲမှုယူနစ်(သန်း) | ၄ဒသမ၄၀၅ | ၃၆ဒသမ၇၆ | ၃၂ဒသမ၃၅၅ |
|---|---|---|---|
| **အမျိုးအမည်** | **၁၉၈၈** | **၂၀၀၆** | **တိုးတက်မှု** |
| **ပညာရေး အခြေခံပညာအဆင့်** | | | |
| ကျောင်းအင်အား | ၃၃၃ | ၃၈၈ | ၅၅ |
| မူလတန်းကျောင်း | ၂၉၉ | ၃၄၁ | ၄၂ |
| အလယ်တန်းကျောင်း | ၂၇ | ၃၁ | ၄ |
| အထက်တန်းကျောင်း | ၇ | ၁၆ | ၉ |
| ဆရာ/ဆရာမဦးရေ | ၁၂၅၉ | ၁၉၂၄ | ၆၆၅ |
| ကျောင်းသားဦးရေ | ၂၉၉၁၆ | ၅၀၇၅၄ | ၂၀၈၃၈ |
| **အဆင့်မြင့်ပညာအဆင့်** | | | |
| တက္ကသိုလ် | – | ၁ | ၁ |
| အစိုးရကွန်ပျူတာကောလိပ် | – | ၁ | ၁ |
| အစိုးရနည်းပညာကောလိပ် | – | ၁ | ၁ |
| **ကျန်းမာရေး** | | | |
| ဆေးရုံ | ၁၅ | ၁၆ | ၁ |
| ကျန်းမာရေးဌာနများ | ၃၂ | ၃၆ | ၄ |
| တိုင်းရင်းဆေးရုံ | – | ၁ | ၁ |
| **ဆက်သွယ်ရေး** | | | |
| စာတိုက်စခန်း | ၈ | ၁၃ | ၅ |
| ကြေးနန်းရုံး | ၃ | ၁၁ | ၈ |
| တယ်လီဖုန်းရုံး | ၃ | ၁၅ | ၁၂ |
| **ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး** | | | |
| ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ | – | ၇ | ၇ |
| ကိုယ့်အားကိုယ်ကိုးကျေးရွာစာကြည့်တိုက် | – | ၁၃၅ | ၁၃၅ |

**လွိုင်ကော်တက္ကသိုလ်**
**သုံးထပ်တိုးချဲ့စာသင်ဆောင်**

**တိုင်းရင်းသား လူမျိုးများအားလုံး ဆူကြိုးနိမ့်မြင့် ကွာဟချက်မရှိ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်က ပညာတတ်များမွေးထုတ်ပေးမည့် လူ့စွမ်းအားအရင်းအမြစ်များ တည်ဆောက်ပေးလျက်ရှိရာ ကယားပြည်နယ် လွိုင်ကော်မြို့ရှိ လွိုင်ကော်တက္ကသိုလ် သုံးထပ်တိုးချဲ့စာသင်ဆောင်ကို ဤသို့ခံ့ညားထည်ဝါစွာ တွေ့ရသည်။**
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

## တွဲလက်ညီညာ ပြည်မြန်မာ

❃ မြန်မာကိုချစ်တဲ့သူ
ဘယ်သူတွေပါလဲ။
မြန်မာပြည် အတွင်းမှာတဲ့
မှီတင်းနေထိုင်လို့
ဆယ့်လေးခိုင် ပြည်နယ်တိုင်းဆီက
ရိုင်းပင်းအား တည်ထောင်ပြုပါတဲ့
တိုင်းရင်းသား ညီနောင်ထုဟာဖြင့်
မိသားစု မေတ္တာစစ်ဖြင့်
ချစ်ကြသူပဲ။

❃ မြန်မာကို စောင့်ရှောက်သူ
ဘယ်သူတွေပါလဲ။
လာမထိလေနဲ့
ဇာတိမြေ မပျက်ရေးကိုဖြင့်
အသက်ပေးမည် အခိုင်အမာပေါ့
ဆိုင်လာလျှင် ရန်အပေါင်းကိုလည်း
ထောင်းထောင်းကြေ မြူနှယ်လွင့်စေဖို့
ရဲရင့်အလံ ထင်ရှားစွာနဲ့
ဇွဲနဲ့မာန် ခြသေ့ံအလားပါကွယ့်
ပြည့်သားမွန် ဇာနည်စစ်တဲ့
မျိုးချစ်တို့ပဲ။

❃ မြန်မာရဲ့ အားကိုးရာ
ဘယ်သူတွေပါလဲ။
သူ့ဆန်ကို ကိုယ်မစား
သူ့ခြံအား ကိုယ်မကျော်
သူ့မြေပေါ် ကိုယ်မအိပ်လေဘု
ကိုယ့်အိမ်ရိပ် တမင်လာ၍
ဖောက်ဖျက်ကာ မကျော်ကျူးလေနှင့်
လက်ဦးအောင် မျိုးချစ်သွေးရယ်နဲ့
အရေးကြုံ သက်လုံကောင်းစွာကွယ့်
မြန်မာကို မြန်မာအပေါင်းရယ်က
ကောင်းချီးဝေ မျိုးမာန်နှိုးလို့
အားကိုးကြမြဲ။ ။

**(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက်-**

**စိုးမိုး(ပုသိမ်)**

● *ကျောဖုံးမှ*

အစီအစဉ်အရ ပြပွဲခင်းကျင်းပြသရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲတွင် ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံ၏ သမိုင်းမတင်မီ ခေတ်ပြကွက်၊ ရှေးဟောင်းမြန်မာနိုင်ငံတော်များပြကွက်၊ မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံပြကွက်၊ ပြည်ထောင်စုနေ့ပေါ်ပေါက်လာပုံနှင့် လွတ်လပ်ရေး ရရှိခြင်းပြကွက်၊ ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဖော်ဆောင်မှုများပြကွက်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ပြကွက်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပြခန်း၊ ပညာရေးဝန်ကြီးဌာနပြခန်း၊ ကျန်းမာရေးဝန်ကြီးဌာနပြခန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနပြခန်း၊ သစ်တောရေးရာဝန်ကြီးဌာနပြခန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပြခန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနပြခန်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ပြခန်း၊ သတ္တုတွင်းဝန်ကြီးဌာနပြခန်း၊ စွမ်းအင်ဝန်ကြီးဌာနပြခန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနပြခန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနပြခန်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ပြခန်းနှင့် မျက်မှောက်ခေတ်နိုင်ငံရေး၊ လူမှုရေးဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုပြကွက် (ခိုင်မြဲလက်တွဲ တို့မခွဲ၊ အမြဲစည်းလုံးညီပြကွက်)တို့ကို လှည့်လည်ကြည့်ရှုကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## ပြသမည်

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲကို ယနေ့မှ ဖေဖော်ဝါရီ ၁၆ ရက်အထိ တပ်မတော်ခန်းမ၌ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

**၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲကို ပြပွဲခင်းကျင်းပြသရေးဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

# ရှုနိုင်ငံဂျာနယ် အတွဲ(၄)၊ အမှတ်(၁၉)ဖြန့်ချိ

**ရန်ကုန် ဖေဖော်ဝါရီ ၈**

ရှုနိုင်ငံဂျာနယ် အတွဲ(၄)၊ အမှတ်(၁၉)ကို ထုတ်ဝေဖြန့်ချိထားသည်။ **(ဓါတ်ပုံ)**

အဆိုပါဂျာနယ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့သင်တန်း အမှတ်စဉ်(၃၇) သင်တန်းသား၊ သင်တန်းသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည့် သတင်း၊ သိန်းစိန်(အမျိုးသားစာပေ-၁၉၆၅)၊ စိမ်းမြရည်(ပြန်/ဆက်)၊ ကျော်ဇင်ညွန့်(တရားရုံးချုပ်ရှေ့နေ)၊ စန်းနီလာဝင်း၊ တက္ကသိုလ်မြတ်သူ၊ စောလှနွယ်(မကွေး)၊ ညွန့်ဟံ(ကြူတော)၊ ရေနံသာမောင်ကျော်ညွန့်၊ ဆင်ဖြူကျွန်းမြင့်သိန်း၊ မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)၊ မောင်ကွန်ပျူတာ၊ ရန်ကင်းမောင်တို့၏ သုတ၊ ရသဆောင်းပါးများ၊ ခင်လယ်လယ်ချစ် (မြန်/ဂုဏ်)၊ အေးခင်ခင်လှိုင်တို့၏ ကဗျာ၊ မောင်မီဒီယာ၏ ရုပ်ဝေးမြေခြားဟာသများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေဖွံ့ဖြိုးရေး၊ စည်းရုံးရေးဆောင်ရွက်မှုသတင်းများ၊ နိုင်ငံတကာဖြစ်ရပ်သတင်းများ စုံလင်စွာဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

# တရားစခန်းဖွင့်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၈**

မြတ်ဗုဒ္ဓ၏ ပဋိပတ်အကျင့်မြတ်တရားတော်များကို ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့်အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထ-ဝိပဿနာတရားတော်များကို ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ(ဒလ-အုံကြီး)က မြောက်ဥက္ကလာပမြို့နယ် (င)ရပ်ကွက်သန္တာ၁၇လမ်း ရန်အောင်ကျောင်းတိုက်ဝင်း အောင်သာဝတီစာသင်တိုက်ကြီးအတွင်းရှိ ဓမ္မအာဟာရ ဆွမ်းစားကျောင်းတော်ကြီးတွင် ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၈ ရက်အထိ ညနေ ၆ နာရီခွဲမှ ၈ နာရီအထိလည်းကောင်း၊ ၂၀ ရက်မှ ၂၆ ရက်အထိ မကွေးမြို့ မြို့မဓမ္မာရုံတော်ကြီးတွင် ညနေ ၆ နာရီမှ ၇ နာရီခွဲအထိလည်းကောင်း ကိုယ်တွေ့ဉာဏ်မြင်ခန္ဓာဉာဏ်ရောက် ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

# စာကြည့်တိုက်များသို့ အလှူရှင်များ စာအုပ်စာစောင်များလှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၈**

ဘော်လခဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော မြို့နယ်လုံးကျွတ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ပူးပေါင်း၍ စာအုပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂ ရက်က မြို့နယ်ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးစိုးစိုးရွှေက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းအောင်က စာအုပ်လှူဒါန်းရခြင်းနှင့် စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာကြည့်တိုက် ၁၃ ခုအတွက် အလှူရှင်များက သုတ၊ ရသ၊ စာအုပ်စာစောင်မျိုးစုံ ၆၅၀ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ **(ခရိုင် ပြန်/ဆက်)**

# ဝန်ကြီးဗိုလ်ချုပ်လှထွန်း မန္တလေးမြို့တွင် လုပ်ငန်းများကြည့်ရှုစစ်ဆေး လုပ်ငန်းများ မှန်ကန်မြန်ဆန်စွာဆောင်ရွက်နိုင်ရေး မှာကြား

**ရန်ကုန် ဖေဖော်ဝါရီ ၈**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးသန်းညိန်း၊ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါ၍ ဖေဖော်ဝါရီ ၆ ရက်တွင် မန္တလေးမြို့ရှိ မြန်မာ့စီးပွားရေးဘဏ် တိုင်းမန်နေဂျာရုံးနှင့် ဘဏ်ခွဲ(၂)ယာယီရွှေ့ပြောင်းထားသော နေရာတို့ကို ကြည့်ရှုစစ်ဆေးရာ ဘဏ်လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို မြန်မာ့စီးပွားရေးဘဏ် တိုင်းနှင့် ခရိုင် မန်နေဂျာများက ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ဘဏ်လုပ်ငန်းဆောင်ရွက်မှု ထိရောက်ထက်မြက်စွာ ဆောင်ရွက်နိုင်ရန်နှင့် ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ မြန်ဆန်စေရေးတို့ကို စနစ်တကျဆောင်ရွက်သွားကြရန် မှာကြားသည်။ **(ယာပုံ)**

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် မန္တလေးမြို့ရှိ ပင်စင်ဦးစီးဌာန အထက်မြန်မာပြည်ရုံးခွဲနှင့် တိုင်းဦးစီးမှူးရုံးသို့ ရောက်ရှိရာ တိုင်းဦးစီးမှူးနှင့် တာဝန်ရှိသူများက ပင်စင်ဦးစီးဌာနဆိုင်ရာလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လုပ်ငန်းဆောင်ရွက်မှုများ မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေး မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မိုးအနည်းငယ်ရွာနိုင်**

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးအနည်း ငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။**

# အထက(၁) လသာ မြတ်ဆရာပူဇော်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၈**

လသာမြို့နယ် (စင်ထရယ်) အထက(၁)တွင် ၁၉၆၅ ခုနှစ် နောက်ပိုင်း ၂၀၀၀ ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသားဟောင်းကြီးများ ပြန်လည်ဆုံတွေ့ကြ၍ (၁၉၅၅-၁၉၈၅)ခုနှစ်အတွင်း သက်ပြည့်အငြိမ်းစားယူ ဆရာ ဆရာမ ၁၀၀ နီးပါးတို့အား (၁၃)ကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲကို ဖေဖော်ဝါရီ ၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အထက(၁)လသာ (ဗဟိုစံပြ) ခန်းမကြီး၌ ကျင်းပမည်ဖြစ်သည်။ ရပ်ဝေးရပ်နီးမှ ကျောင်းသားဟောင်းကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ပါရန်နှင့် ကိုစိန်ထွန်းလင်း(ဦးရွှေလင်း-ဒေါ်ကြင် အီလက်ထရွန်နစ်ဆိုင်) ဖုန်း-၂၅၀၈၀၄၊ ဒေါက်တာမြင့်ဦးသွယ်၊ ကိုအောင်ကြည် ဖုန်း-၂၄၅၃၀၈၊ ကိုအောင်ခိုင်(စိုးမိုးကျော်) ဖုန်း-၀၉-၉၉၂၆၁၈၅၊ ကိုဇော်ဝင်း(သံဈေး) ကိုသော်တာ၊ ကိုသာခင်(ရွှေသီရိ) ဖုန်း-၂၅၂၀၃၀၊ ဗိုလ်မှူးချစ်ညွန့် ဖုန်း-၆၄၂၂၁၀နှင့် ကိုတင်ဦး(ရွှေစင်)ဖုန်း-၂၂၆၄၂၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ဖိတ်ကြားနှိုးဆော်ထားသည်။ **(က-ပ)**

# သံတမန်ကျွမ်းကျင်မှု သင်တန်းသားများ ပြန်လည်တွေ့ဆုံပွဲနှင့် ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၈**

သံတမန်ရေးရာ ကျွမ်းကျင်မှုအခြေခံနှင့် အဆင့်မြင့်သင်တန်းသားသင်တန်းသူများအားလုံး ပြန်လည်တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၁၂ ရက်ညနေ ၅ နာရီမှ ည ၉ နာရီအထိ "ရွှေပင်လယ်" မာလာငါးစားသောက်ဆိုင် အင်းလျားလမ်း ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ပြီး ယင်းနှင့်အတူ ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဆုပေးပွဲကိုလည်း ပူးတွဲကျင်းပမည်ဖြစ်၍ အပတ်စဉ်အားလုံးမှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပါရန် ဖိတ်ကြားထားပြီး ဦးအောင်ကျော်မိုး ဖုန်း-၀၉-၅၁၂၃၀၀၈၊ ဦးနိုင်ဝင်း ဖုန်း-၀၉၉၉၃၃၅၈၇၊ ဦးမြင့်စိုး ဖုန်း-၀၉၉၉၇၃၅၉၅၊ ဦးအောင်လင်း ဖုန်း-၀၉၅၀၁၈၀၉၀၊ ဦးလှမြင့် ဖုန်း-၀၉၅၀၀၁၂၃၊ ဦးဝဏ္ဏ ဖုန်း-၀၉၅၀၀၅၉၆နှင့် ဦးဇော်မင်း ဖုန်း-၀၉၅၀၀၀၉၈၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

**၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ(၂)ရက်နေ့အထိ နိုင်ငံအဝန်းတွင်**

**ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်(၄၉၅၄၁)တိုက် ဖွင့်လှစ်ပြီး ဖြစ်ပါသည်။**

ကျေးလက်နေ ပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။**

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား တွေ့ဆုံနှုတ်ဆက်

**ရန်ကုန် ဖေဖော်ဝါရီ ၈**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း လိုက်ပါလျက် ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ရန် ရန်ကုန်မြို့တွင် ရောက်ရှိနေကြသည့် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များနှင့်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များအား ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဘုရင့်နောင်လမ်းရှိ အမှတ်(၁)စစ်ကြောရေးနှင့် တည်းခိုရေးစခန်းသို့ သွားရောက်၍ တွေ့ဆုံနှုတ်ဆက်သည်။ **(ယာပုံ)**

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် အမှတ်(၁)စစ်ကြောရေးနှင့်တည်းခိုရေးစခန်းသို့ မွန်းလွဲ၂နာရီတွင် ရောက်ရှိလာရာ (၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဝင်များ၊ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များနှင့်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များအား တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး မွန်းလွဲပိုင်းတွင် အမှတ်(၁)စစ်ကြောရေးနှင့်တည်းခိုရေးစခန်းမှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

**၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့တက်ရောက်ကြမည့် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း၊ ဇနီး ဒေါ်ခင်ခင်ရီမိသားစုတို့က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံစဉ်။** (စက်မှု-၁)

# ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား နေအိမ်များ၌ မိသားစုအသွင်ဖြင့် ညစာတည်ခင်းဧည့်ခံ

ရန်ကုန် ဖေဖော်ဝါရီ ၈

**၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့တက်ရောက်ကြမည့် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား ယနေ့ညနေ ၆နာရီတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဇနီး ဒေါ်ခင်ခင်ရီ မိသားစုတို့၏ နေအိမ်မြက်ခင်းပြင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ကြမည့် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များ၊ ဝန်ကြီး၏ မိသားစုများ တက်ရောက်ကြသည်။**

ရှေးဦးစွာ ဝန်ကြီး ဦးအောင်သောင်း၊ ဇနီး ဒေါ်ခင်ခင်ရီ မိသားစုတို့က (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ကြိုဆိုနှုတ်ဆက်ကြပြီး လက်ဆောင်ပစ္စည်းများပေးအပ်ကာ မိသားစုအသွင် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

အလားတူပင် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့တက်ရောက်ရန် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဇနီး ဒေါ်အေးအေးနှင့် မိသားစုဝင်များက ယနေ့ညနေပိုင်းတွင် ကမာရွတ်မြို့နယ် ပန်းဝါလမ်းရှိ နေအိမ်၌ မိသားစုအသွင် ညစာဖြင့် ရင်းရင်းနှီးနှီး တည်ခင်းဧည့်ခံပြီး အမှတ်တရလက်ဆောင်များ အပြန်အလှန် ပေးအပ်ကြသည်။

ထို့အတူ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်နှင့်ဇနီးဒေါ်ကျင်ခိုင်နှင့်ဝန်ထမ်းမိသားစုများသည် ယနေ့ညနေပိုင်းတွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်လာသော ပြည်ထောင်စုနေ့ ကိုယ်စားလှယ် ၁၅ဦးတို့အား မိသားစုအသွင် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(ဝဲပုံ)**

**၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ကြမည့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့်ဇနီးတို့က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။** (သတင်းစဉ်)

ယင်းဂုဏ်ပြုညစာစားပွဲသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၏ ဇနီး ဒေါ်မြချစ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ၎င်းတို့၏ဇနီးများနှင့် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်လာကြသော ဧရာဝတီတိုင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့်တနင်္သာရီတိုင်းတို့မှ ပြည်ထောင်စုနေ့ကိုယ်စားလှယ် ၁၅ဦးတို့ တက်ရောက်ကြသည်။

ညစာစားပွဲအပြီးတွင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ဇနီး ဒေါ်ကျင်ခိုင်နှင့်တာဝန်ရှိသူတို့က ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ဂုဏ်ပြုလက်ဆောင်များ အသီးသီး ပေးအပ်ကြသည်။

အလားတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာသည် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် မကွေးတိုင်းမှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ယနေ့ညပိုင်းတွင် ဝန်ကြီး၏ နေအိမ်၌ မိသားစုအသွင် ညစာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့အတူ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဇနီး၊ ယင်းတို့၏ မိသားစုများသည် ယနေ့ညနေပိုင်းတွင် ယင်း၏နေအိမ်ဖြစ်သော အမှတ်(၈) ရွှေလီလမ်း ကမာရွတ်မြို့နယ်၌ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့မှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ် ငါးဦးတို့အား မိသားစုအသွင် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုနေ့ကိုယ်စားလှယ်နှင့်ယဉ်ကျေးမှုအဖွဲ့ဝင်များ လှိုင်သာယာနှင့်ရွှေပြည်သာစက်မှုဇုန် ကြည့်ရှုလေ့လာ

**ရန်ကုန် ဖေဖော်ဝါရီ ၈**

ရန်ကုန်မြို့၌ကျင်းပမည့် ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ရန် ရောက်ရှိနေကြသည့် ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များသည် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၏ စီစဉ်မှုဖြင့် ယနေ့တွင် ရန်ကုန်မြို့ရှိ လှိုင်သာယာ စက်မှုဇုန်နှင့် ရွှေပြည်သာ စက်မှုဇုန်တို့သို့ သွားရောက် ကြည့်ရှုလေ့လာကြသည်။

ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များသည် နံနက် ၇နာရီတွင် လှိုင်သာယာစက်မှုဇုန်ရှိ FAME ဆေးဝါးထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိကြရာ မန်နေဂျင်း ဒါရိုက်တာ ဒေါက်တာ ခင်မောင်လွင်နှင့် တာဝန်ရှိသူများက ပရဆေးပင်များ စိုက်ပျိုးထားရှိမှုနှင့် လူသုံးဆေးဝါး ထုတ်လုပ်မှုအဆင့်ဆင့်တို့ကို လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များသည် ရွှေပြည်သာ စက်မှုဇုန်ရှိ Fair Sun Mould and Die Industry စက်ရုံသို့ ရောက်ရှိကြရာ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာ ဖေခင်က စက်ရုံသမိုင်းကြောင်းကိုလည်းကောင်း၊ အုပ်ချုပ်မှုဒါရိုက်တာ ဦးသိန်းငွေက Mould and Die လုပ်ငန်းအကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များသည် အဖွဲ့လေးဖွဲ့ခွဲ၍ စက်ရုံမှ ထုတ်လုပ်သည့် Mould များနှင့် စက်ပစ္စည်းအစိတ်အပိုင်း အမျိုးမျိုး ထုတ်လုပ်မှုတို့ကို ကြည့်ရှု လေ့လာကြသည်။ **(သတင်းစဉ်)**

# တိုင်းမှူး ဗိုလ်မှူးချုပ်လှငွေးဝင်းနှင့် မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း မြို့တော်သန့်ရှင်းသာယာလှပရေး ဆောင်ရွက်မှုလုပ်ငန်းများစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၈

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှငွေးဝင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယမန်နေ့က ရန်ကုန်မြို့တော်အတွင်း ဆောင်ရွက်လျက်ရှိသည့် မြို့တော်သန့်ရှင်းသာယာလှပရေး၊ မြို့တော်အတွင်း ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများနှင့် လမ်းများအဆင့်မြှင့်ခင်းကျင်းခြင်းလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်လှငွေးဝင်းနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် နံနက်၆နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် နတ်မောက်လမ်းသို့ ရောက်ရှိကြပြီး လမ်းတစ်လျှောက် လမ်းဘေးလူသွားစင်္ကြံအဆင့်မြှင့် ခင်းကျင်းလျက်ရှိသည့် အခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် မြို့တော်ဝန်တို့က မြို့တော်သန့်ရှင်းသာယာလှပရေးအတွက် လမ်းခင်းကျင်း ပြုပြင်ခြင်း၊ လူသွားစင်္ကြံများ အဆင့်မြှင့်ခင်းကျင်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများကို တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများပူးပေါင်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရှင်းလင်းပြသ

ထို့နောက် တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် မင်္ဂလာတောင်ညွန့်မြို့နယ် မြယာကုန်းလမ်း တိုးချဲ့ခင်းကျင်းပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ သိမ်ဖြူ ငါးခွဆုံအနီး Free Way ယာဉ်ကြောသတ်မှတ်၍ လမ်းခင်းကျင်းရန် စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေကိုလည်းကောင်း၊ လသာမြို့နယ် အနော်ရထာလမ်းကို ခြစ်ညှိရိုးကြက်ဆူဆီဖြင့် မောင်းနှင်သည့် စက်ယန္တရားများဖြင့် ကွန်ကရစ်ကတ္တရာထပ်ပိုးလွှာ ခင်းကျင်းနေမှုကိုလည်းကောင်း **(အပေါ်ပုံ)** ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းကို စက်ယန္တရားများဖြင့် ကွန်ကရစ်ကတ္တရာ ထပ်ပိုးလွှာ ဆက်လက်ခင်းကျင်းနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

စမ်းချောင်းမြို့နယ် ပန်းလှိုင်ရပ်ကွက် ပန်းလှိုင်အရဏ်တော်ဝတ်အသင်းမှ အတုလာဓိပတိမဟာမုနိသကျ ကိုးထပ်ကြီးဘုရား ရုပ်ပွားတော်မြတ်ကြီးအား (၃၁)ကြိမ်မြောက် ရွှေသင်္ကန်းအလှူတော်ငွေပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၅ရက်က ဝတ်အသင်းဓမ္မာရုံတွင်ကျင်းပရာ အလှူတော်ငွေကျပ်ရှစ်သိန်းကို အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အလှည့်ကျ ဂေါပကအဖွဲ့ဝင်များထံ လှူဒါန်းစဉ်။ (၁၂၉)

## ရွှေတိဂုံစေတီတော် ရွှေပြား၊ရွှေသင်္ကန်းနှင့် အလှူတော်ငွေများ ရေစက်ချလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၈

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော (၄၆၁)ကြိမ်မြောက် ရွှေပြား၊ ရွှေသင်္ကန်းနှင့် အထွေထွေဝေယျာဝစ္စ အလှူတော်ငွေများ ရေစက်ချ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁နာရီက ရွှေတိဂုံ စေတီတော်ရင်ပြင်ရှိ ရေးဟောင်းရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။ ယနေ့လှူဒါန်းပွဲတွင် အလှူရှင် ၈၉၆ ဦးတို့က အလှူငွေစုစုပေါင်း ၇၇၄၃၇၃၇၃ ကျပ်ကို လှူဒါန်းကြသည်။ **(သတင်းစဉ်)**

## သာသနာ့အာဇာနည် ဂုဏ်ပြုပူဇော်

ရန်ကုန် ဖေဖော်ဝါရီ ၈

အင်းစိန်မြို့နယ် ရွှာမပရိယတ္တိ စာသင်တိုက် သာသနာ့အာဇာနည် ရှင်ပညိန္ဒအား ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၅ရက်က ကျင်းပသည်။

ရှေးဦးစွာ အပူဇော်ခံ သာသနာ့အာဇာနည်အား ဥပါသကာ အမျိုးသား၊ ဥပါသိကာအမျိုးသမီးများက ပူဇာသနပလ္လင်ပေါ်သို့ ပင့်ဆောင်ကြပြီး ရွှာမပရိယတ္တိ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)ထံတော်မှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ခြင်း၊ ခရိုင်သာသနာရေးမှူးမှ သာသနာရေးဆိုင်ရာများ လျှောက်ထားခြင်း၊ ရှင်ပညိန္ဒ၏ ထေရုပ္ပတ္တိအကျဉ်းကို ဖတ်ကြား၍ အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(က-ပ)**

## ဝိနယာဓိကပရိယတ္တိ သာသနာပြုစာမေးပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၈

အင်းစိန်မြို့နယ်လုံးဆိုင်ရာနာယကဆရာတော်ကြီးများ ကြီးမှူးကျင်းပသော (၅၁)ကြိမ်မြောက် ဝိနယာဓိကပရိယတ္တိသာသနာပြု စာမေးပွဲ ကြီးကို ဖေဖော်ဝါရီ ၁၈ရက် (စနေနေ့)မှစ၍ ခုနစ်ရက်တိုင် နှစ်စဉ်မပျက် ကျင်းပမြဲအတိုင်း ကျင်းပသွားမည် ဖြစ်သည်။

မြို့နယ်အတွင်းရှိ ဝင်ရောက်ဖြေဆိုလိုကြသည့် စာဖြေသံဃာတော်များနှင့် သီလရှင်များ ဝင်ခွင့်တောင်းခံလွှာပုံစံများကို အင်းစိန် ရွှာမပရိယတ္တိစာသင်တိုက်တွင် ထုတ်ယူတင်သွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

**ကြည့်မြင်တိုင် အမှတ်(၁) အထပ်သားစက်ရုံ အကြိုအခြေခံ မီးသတ်သင်တန်း (၁/၂၀၀၆) သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၆ရက်က စက်ရုံခန်းမတွင်ပြုလုပ်ရာ မြန်မာ့သစ်လုပ်ငန်း သစ်အခြေခံစက်မှုလုပ်ငန်းဌာန ဒုတိယ အထွေထွေ မန်နေဂျာ ဦးတင်စိုးက သင်တန်းဆင်း လက်မှတ်ချီးမြှင့်စဉ်။** (က-ပ)

## ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြု ယာဉ်များအခမဲ့ပြေးဆွဲမည်

**ရန်ကုန် ဖေဖော်ဝါရီ ၈**

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လှိုင်သာယာမြို့နေ ဦးခင်အောင်-ဒေါ်ခင်မြင့်သူမိသားစုက မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီဌာနခွဲ(၂) စီမံမှုအောက်ရှိ ယာဉ်အမှတ် ၅ခ/ ၂၉၁၅၊ ၁က/၇၀၈၀၊ ၆က/၇၇၁၅နှင့် ၅က/၃၂၀၉ယာဉ်လေးစီးသည် ဖေဖော်ဝါရီ ၁၂ရက်တွင် အခမဲ့ယာဉ်ဆိုင်းဘုတ် ချိတ်ဆွဲလျက် ၁၂၈ လိုင်း လှိုင်သာယာ-ဝေဘာဂီ၊ ၅၄လိုင်း ပုဇွန်တောင်-ABC-လှိုင်သာယာ နည်းပညာတက္ကသိုလ်၊ ၁၂၉ လိုင်း လှိုင်သာယာ-မင်္ဂလာဈေးသို့ တစ်နေကုန်(၁၂)ကြိမ်မြောက် အခမဲ့ ပြေးဆွဲပေးမည် ဖြစ်သည်။ **(၀၄၆)**

## ၂၀၀၆ ခုနှစ် ( ၅၉ )နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

**နေ့ရက် – ၈–၂–၂၀၀၆မှ ၁၆–၂–၂၀၀၆**

**အချိန် – နံနက် ၀၉း၀၀နာရီမှ ညနေ ၁၇း၀၀နာရီ**

**နေရာ – တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။**

**( မည်သူမဆိုအခမဲ့ လာရောက်ကြည့်ရှုနိုင်ပါသည်။ )**

## ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

* ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။
* တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး။
* ပြည်ထောင်စုကြီး ထာဝရ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး။
* နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ဖေဖော်ဝါရီ ၇ ရက်က အလှူရှင် AMN International Ltd. မန်နေဂျင်းဒါရိုက်တာ သီရိသုဓမ္မ သီဂီ ဒေါ်အေးမြတ်နွယ်က ကုမ္ပဏီ၏ (၁၀)နှစ်မြောက် အထိမ်းအမှတ်အဖြစ် မသန်စွမ်းသူများ ကူညီစောင့်ရှောက်ရေး ဖောင်ဒေးရှင်းအတွက် မတည်ငွေကျပ်သိန်း ၁၀၀ ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန အထူးအရာရှိ ဗိုလ်မှူးချုပ် သူရစိန်သောင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## ကြိုင်းရေဝန်းဆရာတော် တရားဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၈

ဧရာဝတီတိုင်း ကြံခင်းမြို့ စံရာတိုက်ကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တ စိန္တိက (သာသနဓဇဓမ္မာစရိယ) အရှင်မြတ်သည် ဧရာဝတီတိုင်း အင်္ဂပူမြို့ ဇေယျသုခကျောင်းတိုက် စာတော်ပြန်ပွဲဓမ္မသဘင်၌ တပို့တွဲ လပြည့်ကျော် ၇ ရက် ည၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ညစဉ်ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

## သုံးဆယ်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၈

သုံးဆယ်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၁၉ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် စမ်းချောင်းမြို့နယ် စမ်းချောင်းတောင်ရပ်ကွက် ပြည်လမ်းရှိ မစိုးရိမ်ပရိယတ္တိစာသင်တိုက် ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။ ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၃၁ရက်တွင် (၇၅)နှစ်ပြည့်သူနှင့်အထက် အဘိုး၊ အဘွားများစာရင်း၊ ၂၀၀၄ ခုနှစ်နှင့် ၂၀၀၅ ခုနှစ် က တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် အသင်းဝင်များ၏ သားသမီးများစာရင်း၊ သုံးဆယ်မြို့မှ ဘွဲ့တံဆိပ်များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ရရှိကြသည့် ပုဂ္ဂိုလ်များစာရင်းကို နီးစပ်ရာ အမှုဆောင်များက အချိန်မီပေးပို့ကြရန်နှင့် သုံးဆယ်သူ၊ သုံးဆယ်သားများ အခမ်းအနားသို့ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။

(က-ပ)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၂-၂၀၀၆ (ကြာသပတေးနေ့)

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | တေးဂီတအစီအစဉ် |
| ၇း၁၀ | အာဟာရနှင့် ကျန်းမာရေး (ကျောက်ဘီလူး တင်မောင်ဆွေနှင့် တွေ့ဆုံခြင်း) |
| ၇း၄၅ | ကချင်ရိုးရာ ဝတ်စားဆင်ယင်မှု |
| ၇း၅၀ | ဝါသနာရှင်စင်မြင့် (ဥက္ကာမင်းမောင်၊မေခလာ) |
| ၈း၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၈း၃၀ | ပို့ကြမယ်၊သွင်းကြမယ် (မင်းအုပ်စိုး၊မျိုးစန္ဒီကျော်) |
| ၈း၄၅ | မိုးလေဝသခန့်မှန်းချက် |
| ၈း၅၀ | တေးဂီတအစီအစဉ် |
| ၈း၅၅ | Video Magazine(Part-2) |
| ၉း၁၅ | တေးဂီတအစီအစဉ် |
| ၉း၂၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၂၅ | ကြမ်းခင်းတုံး ထုတ်လုပ်မှုလုပ်ငန်း |
| ၉း၃၅ | တေးဂီတအစီအစဉ် |
| ၉း၄၀ | တိုးတက်ဖွံ့ဖြိုးရာ ဇီဝလောင်စာ |
| ၉း၅၀ | တေးဂီတအစီအစဉ် |
| ၉း၅၅ | ၂၀၀၅ခုနှစ် နိုင်ငံတကာဂေါက်သီးရိုက်ပြိုင်ပွဲ |
| ၁၀း၄၅ | တေးဂီတအစီအစဉ် |
| ၁၀း၅၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၀၀ | ဆေးလိပ်အန္တရာယ် |
| ၁၁း၁၀ | တေးဂီတအစီအစဉ် |
| ၁၁း၁၅ | မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက် |
| ၁၁း၂၅ | တေးဂီတအစီအစဉ် |
| ၁၁း၃၀ | ခွာနာ၊လျှာနာ ရောဂါကာကွယ်ပေးပါ |
| ၁၁း၃၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၄၀ | တေးဂီတအစီအစဉ် |
| ၁၁း၄၅ | မြန်မာနိုင်ငံ၏စပါးကျီ တိုင်းဧရာဝတီ |
| ၁၁း၅၅ | တေးဂီတအစီအစဉ် |
| ၁၂း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

# ကမ္ဘာတစ်လွှားအားကစား

## အက်ဖ်အေဖလားဘောလုံးပွဲစဉ်များ ယှဉ်ပြိုင် ဘာမင်ဂမ်နှင့်ပရီစတွန် ပဥ္စမအကျော့ပွဲစဉ်တက်ရောက်

လန်ဒန် ဖေဖော်ဝါရီ ၈

**အက်ဖ်အေဖလား စတုတ္ထအကျော့ပွဲစဉ်များကို ဖေဖော်ဝါရီ ၇ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ ဘာမင်ဂမ်အသင်းက ရီးဒင်းအသင်းကိုလည်းကောင်း၊ ပရီစတွန်အသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းကိုလည်းကောင်း အသီးသီးအနိုင်ရရှိသွားသည်။**

ဘာမင်ဂမ်အသင်းနှင့် ရီးဒင်းအသင်းတို့သည် စိန့်အင်ဒရူးကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ကြရာ ဘာမင်ဂမ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိသွားသည်။ ဘာမင်ဂမ်အသင်းအတွက် အနိုင်ဂိုးကို ဒုတိယပိုင်းတွင် ဂျူလီယန်ဂရေးက သွင်းပေးပြီး ပဥ္စမအကျော့ပွဲစဉ်သို့ ပို့ပေးလိုက်သည်။

### ဖွေဆော်ဦးဂိုး

ပွဲစသည်နှင့် နှစ်သင်းစလုံး အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ မိုက်ကယ်ဖောစ်ဆဲလ်က ဘာမင်ဂမ်အသင်းအတွက် ပွဲချိန်မိနစ်၃၀တွင် ဖွေဆော်ဦးဂိုးသွင်းပေးခဲ့သည်။

ရီးဒင်းအသင်းသည် ပထမပိုင်းတွင် တစ်ဂိုးသွင်းခံထားရသဖြင့် အကြိတ် အနယ်ပြန်လည် တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲချိန် ၅၁ မိနစ်တွင် စတီဖင်ဟန်က ချေပဂိုးသွင်းယူခဲ့သည်။

ပွဲစပြီး ခြောက်မိနစ်အကြာတွင် ရီးဒင်းတိုက်စစ်မှူး ကစ်ဆွန် အဖွင့်ဂိုးသွင်းရန် ကြိုးစားသော်လည်း ဘာမင်ဂမ်နောက်တန်းကို မကျော်နိုင်၍ ဂိုးသွင်းခွင့် ဆုံးရှုံးသွားသည်။

ဒုတိယပိုင်းတွင် တစ်ဖက်တစ်ဂိုးစီ သရေကျပြီးနောက် အနိုင်ဂိုးသွင်းနိုင်ရန် အကြိတ်အနယ်ဆက်လက်ယှဉ်ပြိုင်ကစားကြရာ ပွဲချိန်၆၇မိနစ်တွင် ဂရေးက ဘာမင်ဂမ်အသင်းအတွက် အနိုင်ဂိုးကို သွင်းယူပေးခဲ့သည်။

### ဘာမင်ဂမ်နည်းပြစကား

လူငယ်ကစားသမားများ ခြေစွမ်းပိုပြနိုင်၍ ဝမ်းသာဂုဏ်ယူမိကြောင်း၊ ခက်ခဲစွာ ယှဉ်ပြိုင်ရပြီးမှ အနိုင်ရခဲ့ခြင်းဖြစ်ကြောင်း၊ ဒီထက်ပိုကောင်းအောင် ကြိုးစားကစားသွားမည်ဖြစ်ကြောင်း နည်းပြစတိဗ်ဘရုစ်က ပြောကြားသည်။

### ရီးဒင်းနည်းပြစကား

ကစားသမားများအပေါ် အလွန်စိတ်ပျက်မိကြောင်း၊ မိမိတို့သည် ဘောလုံးပိုင်ဆိုင်မှု ပိုကောင်းကြောင်း၊ သို့ရာတွင် ဂိုးသွင်းခွင့်ဖန်တီးနိုင်မှုနည်းကြောင်း၊ ဆက်လက်ကြိုးစားသွားမည်ဖြစ်ကြောင်း နည်းပြစတိဗ်ကော့ပဲလ်က ပြောကြားသည်။

အလားတူ ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် ပရီစတွန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ပရီစတွန်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားခဲ့သည်။ ပရီစတွန်အသင်းသည် ယခုပွဲအနိုင်ရလိုက်သဖြင့် ပဥ္စမအကျော့ပွဲအဖြစ် မစ်ဒယ်ဘရော့အသင်း သို့မဟုတ် ကိုဗင်ထရီအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

ထိုနေ့က ခရစ္စတယ်ပဲလေ့စ်အသင်းသည် ပွဲစသည်နှင့် တိုက်စစ်

**ဘာမင်ဂမ်အသင်းနှင့်ရီးဒင်းအသင်းတို့ ယှဉ်ပြိုင်ရာတွင် ဘာမင်ဂမ် အသင်းမှ ဂျူလီယန်ဂရေး ခေါင်းတိုက်ဂိုးသွင်းယူစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

ဆင်ကစားရာ ပွဲချိန်၂၆မိနစ်တွင် မက်အနဖ်၏ထောင့်ကန်ဘောမှတစ်ဆင့် ဝပ်ဒ်က ခရစ္စတယ်ပဲလေ့စ်အသင်းအတွက်ခေါင်းတိုက်သွင်းယူသွားသည်။

ပရီစတွန်အသင်းက ချေပဂိုးသွင်းနိုင်ရေးအတွက် တိုက်စစ်ဆင်ကစားရာ ပွဲချိန် ၃၅မိနစ်တွင် ဒီချီယိုက သွင်းယူခဲ့သည်။ ပွဲပြီးရန်ငါးမိနစ်အလိုတွင် ပရီစတွန်အသင်းမှ မက်ကင်နာက အလွတ်တည်ကန်ဘောကန်သွင်းရာ ပဲလေ့စ်နောက်တန်းကစားသမား မကာကွယ်လိုက်နိုင်၍ ဒီချီယိုကပင် ဒုတိယမြောက် အနိုင်ဂိုးကို ပရီစတွန်အသင်းအတွက် သွင်းယူခဲ့သည်။

### ပွဲအပြီးခရစ္စတယ်ပဲလေ့စ် နည်းပြပြောဆိုစကား

မိမိ၏နောက်တန်းကစားသမားများ ပရီစတွန်အသင်း၏အနိုင်ဂိုးကို ဘာကြောင့် မကာကွယ်နိုင်သည်ကို မသိကြောင်း၊ အမှန်မှာ ယင်းဂိုးကို မပေးသင့်ဘဲပေးလိုက်ရသည့်ဂိုးဖြစ်ကြောင်း၊ အက်ဖ်အေဖလားမှ ထွက်သွားရ၍ စိတ်ပျက်မိကြောင်းဖြင့် နည်းပြဘိုဝီက ပြောကြားသည်။

### ပရီစတွန်နည်းပြစကား

တိုက်စစ်မှူးဒန်နီဒီချီယိုသည် ပရီစတွန်အသင်းအား ပထမတန်းအသင်းအဖြစ်ရောက်ရှိအောင် ဆောင်ကြဉ်းပေးနေကြောင်း၊ ၎င်းသည် အက်ဖ်အေဖလားတွင် ပရီစတွန်အသင်းအတွက် ရှစ်ဂိုးမြောက်သွင်းထားပေးပြီဖြစ်ကြောင်း၊ အသင်းနှင့် ဒီချီယိုအတွက် ဝမ်းသာဂုဏ်ယူကြောင်းဖြင့် နည်းပြ ဘီလီဒေဗီးစ်က ပြောကြားသည်။

ချယ်လ်ဆီးနှင့်အဲဗာတန်၊ မစ်ဒယ်ဘရော့နှင့် ကိုဗင်ထရီအသင်းတို့လည်း အက်ဖ်အေဖလားပြိုင်ပွဲအဖြစ် ဆက်လက် ယှဉ်ပြိုင်လျက်ရှိကြသည်။

မစ်ဒယ်ဘရော့နှင့် ကိုဗင်ထရီအသင်းမှအနိုင်ရသောအသင်းနှင့် ပရီစတွန်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**(အင်တာနက်)**

## ပရီမီယာရှစ်ဘောလုံးပွဲများ ဖေဖော်ဝါရီ ၁၁ ရက်၌ ဆက်လက်ယှဉ်ပြိုင်မည်

လန်ဒန် ဖေဖော်ဝါရီ ၈

**အင်္ဂလိပ် ပရီမီယာရှစ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၆)ကို ဖေဖော်ဝါရီ ၁၁ရက်နေ့တွင် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ရာ အကြိတ်အနယ်ပွဲများအဖြစ် အာဆင်နယ်နှင့် ဘော်လ်တန်၊ အက်စတွန်ဗီလာနှင့် နယူးကာဆယ်၊ မစ်ဒယ်ဘရော့နှင့် ချယ်လ်ဆီး ၊ ပို့စ်မောက်နှင့် မန်ယူ၊ ဝီဂန်နှင့် လီဗာပူးတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။**

အာဆင်နယ်နှင့် ဘော်လ်တန်အသင်းတို့ပွဲသည် ခြေတူယှဉ်ပြိုင်ကစားမည့်ပွဲကြီးပွဲကောင်း ဖြစ်ဖွယ်ရှိသည်။ အာဆင်နယ်တို့ အိမ်ကွင်း ရလဒ်အနိုင်ရမှုတိုးချဲ့နိုင်ရေး ယခု ဘောလ်တန်နှင့်ပွဲမှာ ခက်ခဲစွာ ကစားရမည့်ပွဲဖြစ်သည်။ ဘော်လ်တန်အသင်းသည် တောင့်တင်းခိုင်မာသော အသင်းတစ်သင်း ဖြစ်သည်နှင့်အညီ အာဆင်နယ်အသင်း အနိုင် သို့မဟုတ် သရေပွဲဖြစ်လာနိုင်သည်။

အက်စတွန်ဗီလာနှင့် နယူးကာဆယ်အသင်းတို့ ယှဉ်ပြိုင်ကစားမည့်ပွဲသည်လည်း ခြေတူကစားမည့်ပွဲဖြစ်သည်။ အက်စ်တွန်ဗီလာက အိမ်ကွင်းအားသာချက်ဖြင့် ဖိကစားလာနိုင်သည်။ သို့ရာတွင် နယူးကာဆယ်အသင်းသည် တန်းဆင်းဇုန် ဆင်းရမည့် ခြိမ်းခြောက်မှုမှ လွတ်မြောက်ရေးအတွက် ကြိုးပမ်းကြလိမ့်မည်ဖြစ်သည်။

### ဆက်လက်အနိုင်ယူဖွယ်

မစ်ဒယ်ဘရော့နှင့် ချယ်လ်ဆီးတို့ပွဲသည် ချယ်လ်ဆီးက လက်ရှိ အနေအထားအရ ဦးဆောင်ယှဉ်ပြိုင်လိမ့်မည်ဖြစ်သည်။ မစ်ဒယ်ဘရော့ အသင်းသည် အိမ်ကွင်း ပရိသတ်အားပေးမှုဖြင့် ချယ်လ်ဆီးတို့၏ တိုက်စစ်ကို ခုခံကာကွယ်လိမ့်မည်ဖြစ်သည်။ ချယ်လ်ဆီးအသင်းက အနိုင် သို့မဟုတ် သရေကစားနိုင်ဖွယ်ရှိသည်။ ပို့စ်မောက်နှင့် မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင်လည်း မန်ယူအသင်းက အဝေးကွင်းအနိုင်ရမှုကို ဆက်လက် ကြိုးပမ်းလိမ့်မည်ဖြစ်သည်။ တန်းစီဇယား ဒုတိယနေရာရောက် မန်ယူတို့ ထိုက်တန်သော သုံးမှတ်ကို ဆက်လက်ရယူနိုင်ဖွယ်ရှိသည်။

### အောင်ပွဲဆင်နိုင်မည်

ဝီဂန်နှင့် လီဗာပူးတို့ပွဲသည် နှစ်သင်းစလုံး အက်ဖ်အေဖလားပြိုင်ပွဲကြောင့် ကစားသမား ခြေစွမ်းကျနေလိမ့်မည်ဖြစ်သည်။ ယင်းတို့နှစ်သင်းသည်လည်း ခြေရည်တူအနေအထားရှိသည်။ ဝီဂန်က အိမ်ကွင်း အားသာချက်ဖြင့် အသေအချာ တိုက်စစ်ဆင်ကစားလာလျှင် လီဗာပူးတို့ အခက်တွေ့ရဖွယ်ရှိသည်။ သို့ရာတွင် လီဗာပူးက ချန်ပီယံလိဂ် ဖလားရရှိခဲ့စဉ်က စိတ်ဓာတ်မျိုးဖြင့် ယှဉ်ပြိုင်ကစားခဲ့လျှင် ဝီဂန်တို့အပေါ် အောင်ပွဲဆင်နိုင်ပေလိမ့်မည်ဖြစ်သည်။

**(အင်တာနက်)**

**ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)၏ (၁၉)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ၂၂ရက်က ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ် ဓမ္မာရုံ၌ ကျင်းပရာ အသင်းဒုတိယဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ သီရိသုဓမ္မမဏိဇောတဓရ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဦးသန်းနိုင် (သမ္မတနိဗ္ဗာန်ကုန်နှင့် သက်န်းတိုက်)က ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ လေးဘာသာဂုဏ်ထူးရှင် မောင်အာယုကျော်အား ပညာရည်ချွန်ဆု ချီးမြှင့်စဉ်။** (က-ပ)

## ဘောလုံး ယှဉ်ပြိုင်လု

**ချယ်လ်ဆီးနှင့် လီဗာပူးတို့ပွဲတွင် ဖရန့်လမ်းပတ် (၀)နှင့် လီဗာပူးမှ အလွန်ဆိုတို့ လေထဲတွင် ခုန်လျက် ဘောလုံးကို ယှဉ်ပြိုင်လုခဲ့ကြစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

# မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်း

**ပဲခူး ဖေဖော်ဝါရီ ၈**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယအကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီက ပဲခူးမြို့ သီရိဥသျှာခန်းမ၌ကျင်းပရာ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်စဝ်နွန်းခွန်ဆမ် တက်ရောက် အမှာစကားပြောကြားသည်။ **(အပေါ်ဝဲပုံ)**

ထို့နောက် ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မော်မော်က ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့၏ ၂၀၀၅ ခုနှစ် လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာအပေါ် သုံးသပ်တင်ပြပြီး အဖွဲ့အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်လှက အဖွဲ့ဝင်အင်အားရရှိမှုအခြေအနေ၊ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များနှင့် နှစ်သိမ့်ဆွေးနွေး ပညာပေးသင်တန်းဖွင့်လှစ်ရန်တို့နှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပဲခူးခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းမော်က အမျိုးသမီးရေးရာအဖွဲ့ဝင်များ လိုက်နာရမည့် အချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို တင်ပြပြီး ခရိုင်အတွင်းမှ အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာ ၂၀၀၀ ကို ပေးအပ်ရာ တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက က လက်ခံရယူသည်။

**(ခရိုင် ပြန်/ဆက်)**

## ကျောက်ပန်းတောင်းမြို့ အမြန်ယာဉ်ငယ်အသင်း နှစ်ပတ်လည်စည်းဝေး

**ကျောက်ပန်းတောင်း ဇန်နဝါရီ ၃၁**

ကျောက်ပန်းတောင်း မြို့နယ် စုပေါင်း အမြန်ယာဉ်ငယ်အသင်း၏ နှစ်ပတ်လည် အစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲကို ဒီဇင်ဘာ ၂၅ရက် မွန်းလွဲ ၁နာရီက အသင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စုပေါင်းအမြန်ယာဉ်ငယ်အသင်းဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စုပေါင်း အမြန်ယာဉ်ငယ်အသင်း၏ အမှုဆောင်သစ်များအဖြစ် ဥက္ကဋ္ဌဦးခင်မောင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးတင်စိုး၊ အတွင်းရေးမှူး ဦးစိုးတင့်နှင့် ဦးဆောင်သော အမှုဆောင်ကိုးဦးတို့အား ရွေးချယ်တင်မြှောက်ကြသည်။ **(ဝဗြ)**

**မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်တွင် ခြံစည်းရိုးကြက်ဆူပင် ၄၀၂၇ ပင်ကို ပျိုးထုပ်များဖြင့် ပြုစုပျိုးထောင်မှုကို ဖေဖော်ဝါရီ ၂ ရက်က ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် ဦးစီးအရာရှိ ဦးကျော်သူလတ်တို့က ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)

**ဆင်ပေါင်ဝဲမြို့ အမှတ်(၃) ရပ်ကွက် အတွင်းရှိ အိမ်သွယ်ရေတိုင်များ ရေပေးဝေနိုင်ရေးအတွက် မင်းအောင် (၅)လိုင်း အတွင်းရှိ နေအိမ်များအား နှစ်လက်မ ရေပိုက်များဖြင့် သွယ်တန်းပေးနေမှုကို ဇန်နဝါရီ ၉ ရက်က အမှုဆောင်အရာရှိ ဦးအောင်ရွှေနှင့်အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမြင့်စန်းဦးတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ်စည်ပင်)

## ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး အုတ်ဖို၌ဆောင်ရွက်

**အုတ်ဖို ဖေဖော်ဝါရီ ၆**

ပဲခူးတိုင်း(အနောက်ပိုင်း)သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်၏ ၂၀၀၆-၂၀၀၇ ခုနှစ် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၁၀ နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အသုံးဝင်ပုံ**

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်ဝင်း၊ မြို့နယ် ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် မြို့နယ် စိုက်ပျိုးရေး မန်နေဂျာတို့က အမှာစကားပြောကြားကြပြီး မြို့နယ် စိုက်ပျိုးရေးမန်နေဂျာက ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးနည်းစနစ်နှင့် အသုံးဝင်ပုံများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ် ဥက္ကဋ္ဌ ဦးခင်မောင်အေး**(အပေါ်ပုံ)**နှင့် မြို့နယ် အတွင်းရေးမှူး ဦးဌေးအောင်၊ အဖွဲ့ဝင်(၂)ဦးမင်းစိန်နှင့် စိုက်ပျိုးရေးမန်နေဂျာ ဦးသိုင်းစိန်တို့က တာဝန်ပေးအပ်လွှာများ ပေးအပ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မြန်မာ့အသံ

**၁၀-၂-၂၀၀၆ (သောကြာနေ့)**

**နံနက်ပိုင်း**

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဓေဂ္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (မန္တလေးတိုင်း ကျေးလက်ဒေသများအတွက် ဘိုင်အို-ဂက်စ် ထုတ်လုပ်မှုအကြောင်း)

၁၁း၃၅ သုတကမ္ဘာ (မောင်သိန်းလွင်)

၁၂း၀၀ သုတအဖြာဖြာ တိုင်းရင်းဆေးပညာ (ဆောင်းရာသီတွင် ရှောင်ရန် ဆောင်ရန် အနေအစား)

၁၂း၃၀ ဓာတ်လမ်းပမာနားဆင်စရာ (တစ်မြေတည်းဖွား တစ်သားတည်းနေ)

**ညနေပိုင်း**

၁၆း၁၀ ဟောပြောချက် (တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် မွေးမြူရမည့် ပြည်ထောင်စုစိတ်ဓာတ်)

၁၆း၄၅ ဟောပြောချက် (မွန်ရိုးရာ တူရိယာအကြောင်း)

၁၇း၀၀ ဆွေးနွေးခန်း (ပြည်ထောင်စုနေ့ ပြခန်းများ)

၁၇း၃၀ ရေဒီယိုမဂ္ဂဇင်း (၁)မခွဲအတူ (ခေါင်းကြီး) (၂)အရေးကြီးရင် သွေးနီးတယ် (ဆောင်းပါး)

၁၇း၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၈း၂၅ ကျေးလက်ဓာတ်လမ်း (နှလုံးအေးတဲ့ဆေး)

၁၈း၄၀ သိပ္ပံပညာ သိကောင်းစရာ (နှလုံးနှင့်သွေးကြော စောင့်ရှောက်ရေး-မောင်ဆုရှင်)

၁၉း၁၅ ပြည်ထောင်စုနေ့ တေးသရုပ်ဖော် အစီအစဉ်

## တောင်သာ၌ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်

**တောင်သာ ဇန်နဝါရီ ၁၅**

တောင်သာမြို့နယ် နန်းတဲစံပြကျေးရွာ ဇီဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အား ပေးစက်ရုံဖွင့်ပွဲ ခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် ည ၆နာရီက အဆိုပါစက်ရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် နန်းတဲစံပြကျေးရွာ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို မြင်းခြံခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းဝင်းက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မလှိုင်မြို့နယ် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကျေးလက်စက်ရေတွင်း လှူဒါန်းပွဲကျင်းပ

**မလှိုင် ဇန်နဝါရီ ၂၈**

မလှိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက လှူဒါန်းသော စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက်က မလှိုင်မြို့နယ် မြင်းဦးလှည့်ကျေးရွာအုပ်စု ကောက်ကွေ့ကုန်းကျေးရွာ၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်**

ရှေးဦးစွာ စက်ရေတွင်းကို မလှိုင်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရွှေနန်းနှင့် မြင်းဦးလှည့်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးပိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရွှေနန်းက အဖွင့်အမှာစကားပြောကြားပြီး နယ်မြေတာဝန်ခံ အလုပ်အမှုဆောင် ဦးဝင်းအောင်က စက်ရေတွင်း လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြောင်း သိရသည်။

**(၄၁၉)**

## မော်လမြိုင်မြို့ ပရိယတ္တိသဒ္ဓမ္မပါလအသင်း ဓမ္မပူဇာဆုနှင်းပွဲကျင်းပမည်

**မော်လမြိုင် ဖေဖော်ဝါရီ ၅**

မွန်ပြည်နယ် မော်လမြိုင်မြို့ ပရိယတ္တိသဒ္ဓမ္မပါလအသင်းကြီး၏ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အဖြစ် နာယကဆရာတော်များ၊ နိဗဒ္ဓဆရာတော်များနှင့် စာအောင်သံဃာတော်များအား မြို့လှည့်ပူဇော်ပွဲကို မတ်၂၅ရက်တွင်လည်းကောင်း၊ နာယကဆရာတော်များ၊ နိဗဒ္ဓဆရာတော်များ ပူဇော်ပွဲနှင့် စာအောင် သံဃာဓမ္မပူဇာဆုနှင်းသဘင်၊ ဆွမ်းခြောက်လောင်းလှူပွဲကိုမတ် ၂၆ရက်တွင် လည်းကောင်း မော်လမြိုင်မြို့ တောင်ပေါက်ကျောင်းဓမ္မာရုံ၌စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ **(၁၆၈)**

**ဒီမောဆိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဖြင့် ပေါင်းမြက်များ ရှင်းလင်းမှုကို ဇန်နဝါရီ၂၀ ရက်က အမှုဆောင်အရာရှိ ဦးဒေးဖဲ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (နယ်စပ်/စည်ပင်)

**ဒလမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ဒလမြို့နယ် ပြန်ကြား ရေး နှင့် ပြည်သူ့ဆက်ဆံရေး ဦး စီး ဌာ န နှင့် ၁၁/၁၄ ရပ်ကွက်တို့ပူးပေါင်းဖွင့် လှစ် သော စေတနာ ကိုယ့်အား ကိုယ် ကိုး စာ ကြည့် တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက်ကကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒါ်တင်တင်ဦးနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်မြင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။**

(မြို့နယ် ပြန်/ဆက်)

ထီးချိုင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းများ ကတ္တရာခင်းရန်အတွက် လိုအပ်သော ကျောက်များအား ကြိတ်ခွဲခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးသန်းနိုင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးအောင်နိုင်ဦးတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

# အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံ မိတ္ထီလာမြို့နယ်၌ ကျားပင်းဆည်ဖွင့်ပွဲကျင်းပ

မိတ္ထီလာ ဖေဖော်ဝါရီ ၃

**အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံသောအားဖြင့် ကျေးလက်ဒေသ သောက်သုံးရေရရှိရေးနှင့် လယ်မြေများ စိုက်ပျိုးရေ ရရှိရေးတို့အတွက် မိတ္ထီလာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်ပြီး ကျေးလက်နေ ပြည်သူများ၏ပံ့ပိုးမှုဖြင့် အလည်ရွာအုပ်စု အလည်ရွာကျေးရွာ၊ ကျားပင်းဆည် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၈ရက် နံနက်က ဆည်အနီးမဏ္ဍပ်တွင် ကျင်းပသည်။**

**အမှာစကားပြောကြား**

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလူတင်က အဖွင့် အမှာစကား ပြောကြားသည်။

ထို့နောက်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးသန်းက ဆည်ဖွင့်ပွဲအထိမ်းအမှတ်အလံများကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လူတင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများထံ ပေးအပ်သည်။

**ဖဲကြိုးဖြတ် ဖွင့်လှစ်**

ဆက်လက်၍ ကျားပင်းဆည်ကို ခရိုင်ဥက္ကဋ္ဌနှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးစိုးသန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**ရှင်းလင်း**

ထို့နောက် ခရိုင်ဥက္ကဋ္ဌ၊ မြို့နယ်ဥက္ကဋ္ဌနှင့် ခရိုင် စိုက်ပျိုးရေး မန်နေဂျာ ဦးသိန်းဇော်တို့က ခြံစည်း ရိုးကြက်ဆူ စိုက်ပျိုးနိုင်ရေး စိုက်ပျိုး နည်းစနစ်များ ရှင်းလင်းပြောကြားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ် သတင်းများ

# ကျောက်ဆည်မြို့ အထွေထွေရောဂါကုဆေးရုံ ဆေးဝါးများ ပေးအပ်လှူဒါန်းပွဲ ကျင်းပ

**ကျောက်ဆည် ဇန်နဝါရီ ၂၉**

ကျောက်ဆည်မြို့ အထွေထွေ ရောဂါကုဆေးရုံကြီးသို့ ဆေးရုံသုံးဆေးဝါးများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၇ရက် နံနက် ၁၀နာရီက အဆိုပါဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျောက်ဆည် ခရိုင် ကျန်းမာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အုန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်သူ၊ ခရိုင်ကျန်းမာရေးဦးစီးမှူး ဆေးရုံအုပ်ကြီး ဒေါက်တာစိုးမြင့်နှင့် ဆရာဝန်ကြီးများ၊ အလှူရှင် မိသားစုနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးတင်အုန်းက အမှာစကားပြောကြားပြီး အလှူရှင် ဦးအောင်ရွှေက လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်း တင်ပြသည်။ ထို့နောက် ကျောက်ဆည်မြို့ ပေါက်တောရပ်နေ အလှူရှင် ဦးအောင်ရွှေ–ဒေါ်ခင်ငြိမ်း (ရွှေငွေငွေ နို့ချက်စက်ရုံမိသားစု)တို့က ပန်းနာရင်ကျပ်ရောဂါသည်များအတွက် ငွေကျပ် ၃၁၂၀၀၀ တန်ဖိုးရှိ Nebuliserစက်ဖြင့်ရှူသော Ventolinဆေးရည်များကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးမျိုးမြင့်က လက်ခံရယူသည်။ **(က–ပ)**

ဇန်နဝါရီ ၂၈ရက်က ဖျာပုံမြို့နယ် စည်ပင်သာယာဈေးကြီး၌ ခရိုင်မီးသတ်ဦးစီးဌာန ဝန်ထမ်းများနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ပူးပေါင်း၍ မီးငြိမ်းသတ်မှု သရုပ်ပြ လေ့ကျင့်မှုကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးမြင့်ဇော်နှင့် အမှုဆောင်အရာရှိ ဦးသက်ပိုင်တို့ ကြည့်ရှုကြစဉ်။ (၁၅၈)

# ဟိုပင်ဈေး မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**ဟိုပင် ဇန်နဝါရီ ၁၅**

ဟိုပင်မြို့ စည်ပင်သာယာရေးအဖွဲ့မှ စည်ပင်သာယာရေးဈေးကြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် စည်ပင်ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးမိဈေးဖများ၊ ဈေးသူဈေးသားများ စုပေါင်း၍ ဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြလေ့ကျင့်မှုကို ဇန်နဝါရီ ၇ရက်က ဆောင်ရွက်ကြရာ တာဝန်ခံ ဦးစီးအရာရှိ ဦးမောင်မောင်သွင် ကွင်းဆင်းကြီးကြပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

# တတိယနှစ် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့ ဘုတ်ပြင်းမြို့နယ်လုံးကျွတ် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

**ဘုတ်ပြင်း ဖေဖော်ဝါရီ ၂**

တတိယနှစ်ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့ ပိုလီယိုကင်းစင် ကမ္ဘာတစ်ခွင် အစီအစဉ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၂၁ရက် နံနက်၇နာရီက ဘုတ်ပြင်းမြို့ ပြည်သူ့ဆေးရုံကြီးရှေ့တွင် ကျင်းပသည်။

**လက်ဆောင်များပေးအပ်**

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနာယက ဒေါ်နန်းလောင်ဝ်ငင်နှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ရဲမြင့်တို့က ဖဲကြိုးဖြတ်လှစ်ပေးပြီး တာဝန်ရှိသူများက ငါးနှစ်အောက် ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေးများ တိုက်ကျွေးကာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများနှင့်ဇနီးများ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာရဲမြင့်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဆန်းဟိုနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့မှ ပုဂ္ဂိုလ်များ၊ ကလေးများနှင့် မိဘများ တက်ရောက်ကြသည်။

**မြို့နယ်လုံးကျွတ်တိုက်ကျွေး**

ဇန်နဝါရီ ၂၁ရက်တွင် စုရပ်အသီးသီး၌ ဘုတ်ပြင်းမြို့နယ်လုံးကျွတ် ပိုလီယိုကာကွယ်ဆေးများကို တစ်ပြိုင်တည်း တိုက်ကျွေးခဲ့ရာ ငါးနှစ်အောက်ကလေးပေါင်း ၇၀၀၀ ကျော်တို့အား တိုက်ကျွေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရှင်းလင်းတင်ပြ

**ညောင်လေးပင် မြို့နယ် စည်ပင် သာယာရေးအဖွဲ့ မြို့သာယာလှပရေး လုပ်ငန်းအတွက် ရန်ကုန်–မန္တလေးကားလမ်းမကြီး ဘေးဝဲယာ လမ်းဘေးပလက်ဖောင်း ကပ်တုံးများ ဆေးသုတ်နေမှုကို ဇန်နဝါရီ ၁၈ရက်က အမှုဆောင် အရာရှိ ဦးတင်နုကြီးကြပ် စစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမင်းကိုကိုက ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ် ပြန်/ဆက်)

# ကျေးလက်ကျောက်ချောလမ်း

**တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅–၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သွားမည့် အဖျောက်–ဥတိုကျေးလက်ကျောက်ချောလမ်းခင်းရန်အတွက် အမှုဆောင်အရာရှိ ဦးတင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသောင်းထွန်းတို့ ကွင်းဆင်းကြည့်ရှုစဉ်။** (မြို့နယ်စည်ပင်)

# လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာပေပြိုင်ပွဲ အထက်မင်းလှမြို့နယ်၌ ဆုပေးပွဲကျင်းပ

**အထက်မင်းလှ ဇန်နဝါရီ ၂၂**

မကွေးတိုင်း အထက်မင်းလှ မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့တို့ ပူးပေါင်း၍ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာပေပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၉နာရီက မင်းလှမြို့ အခြေခံပညာ အထက်တန်းကျောင်း မင်းလက်ဝါးခန်းမတွင် ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

**ဆုချီးမြှင့်**

ထို့နောက် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးချစ်လွင်(တောသားကြီး လူနိုင်)၊အတွင်းရေးမှူးဦးသောင်းလှိုင်(မောင်သိမ်မွေ့–အထက်မင်းလှ)နှင့်အဖွဲ့ဝင် ဦးရဲမြင့်(မောင်ရဲမြင့်)တို့က စာပေပြိုင်ပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြပြီး တာဝန်ရှိသူများက ကဗျာ၊ ဆောင်းပါး၊ စာစီစာကုံး ဆုရရှိသူ ၁၆ ဦးတို့အား ဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(၀၇၆)**

# (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ ဖွင့်ပွဲကျင်းပ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ချီးမြှင့်

**ရန်ကုန် ဖေဖော်ဝါရီ ၈**

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ချီးမြှင့်သည်။

ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဝင်များ၊ ပြပွဲခင်းကျင်းပြသရေးဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ဆပ်ကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ *စာမျက်နှာ ၁၀ ကော်လံ ၁* ●

## ပြည်ထောင်စုနေ့ပြပွဲ

**၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲတွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များ ကြည့်ရှုကြစဉ်။** (သတင်းစဉ်)

## ထူးခြားသည့် ညအပူချိန်များ

| | |
|---|---|
| ပင်လောင်း | ၃ ဒီဂရီစင်တီဂရိတ် |
| လားရှိုး | ၄ ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၄ ဒီဂရီစင်တီဂရိတ် |
| ဟားခါး | ၄ ဒီဂရီစင်တီဂရိတ် |

# (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အလံတော် ရန်ကုန်တောင်ပိုင်းခရိုင်သို့ စတင်သယ်ဆောင် အလံတော်သယ်ယူရာ လမ်းတစ်လျှောက်မှ ပြည်သူများသောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို တစ်ညတာ ညအိပ်ရပ်နားရာ သန်လျင်မြို့ အားကစားကွင်း၌ အလေးပြုသူများဖြင့် စည်ကား

**ရန်ကုန် ဖေဖော်ဝါရီ ၈**

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေးဟူသော *စာမျက်နှာ ၆ ကော်လံ ၃* ✡

## မြန်မာ့အလင်း (၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို

အသီးတစ်ရာ အညှာတစ်ခု ခိုင်ပြည်ထောင်စု

- ❑ ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ မည်သည့်အဖွဲ့အစည်း၊ မည်သည့်လူမျိုး၊ မည်သည့်အယူဝါဒကိုမျှ အခြေခံသည့် စိတ်ဓာတ်မဟုတ်ဘဲ တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် အမျိုးသားရေးစိတ်ဓာတ်ပင်ဖြစ်သည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တည်းဟူသော ဒို့တာဝန်အရေးသုံးပါးမှာလည်း ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအားလုံးနှင့် သက်ဆိုင်သည့် နိုင်ငံသူ၊ နိုင်ငံသားတိုင်း ထမ်းရွက်ရမည့် အမျိုးသားရေးတာဝန်များပင်ဖြစ်။

အထက်မင်းလှညွှန့်အောင်၏ ပြည်ထောင်စုနေ့ဦးတည်ချက်များကို အမျိုးသားရေးတာဝန်အဖြစ် ခံယူကြိုးပမ်းသွားကြပါစို့ ဆောင်းပါး (စာ - ၈)

- ❑ တွဲလက်ညီညာ ပြည်မြန်မာ စိုးမိုး(ပုသိမ်)၏ ကဗျာ (စာ-၉)
- ❑ ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ကယားပြည်နယ် သတင်းဓာတ်ပုံမှတ်တမ်း (စာ-၉)